# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၄၀)


| နိုင်ငံရေး ဦးတည်ချက် (၄) ရပ် | စီးပွားရေး ဦးတည်ချက် (၄) ရပ် | လူမှုရေး ဦးတည်ချက် (၄) ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးရေသတ်မှတ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူ
## ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)


မြန်မာ့အလင်း ဆောင်းပါး အညွှန်း

**အမှန်အားဖြင့် စီးပွားရေးပိတ်ဆို့ ဖိအားပေးမှုဟာ တစ်မျိုးသားလုံး၊ ပြည်သူအားလုံးကို ထိခိုက်နစ်နာစေပါတယ်။ ဘာကြောင့်လဲဆိုတော့ ခေတ်နောက်ကျ တိုင်းပြည်တစ်ပြည် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးဟာ ဈေးကွက်စီးပွားရေး ဘယ်လောက် ပီပြင်ဖွံ့ဖြိုးပြီး ရောင်းကုန်တွေကို ဘယ်လောက်များများ ထုတ်လုပ်ရောင်းချနိုင်သလဲဆိုတဲ့အပေါ်မှာ မှီတည်နေပါတယ်။**

ကျော်မြင့်နိုင်၏ ဆောင်းပါး စာ-(၈၊ ၉)


# တက္ကသိုလ်ဝင်စာမေးပွဲ စာမေးပွဲဝင်ခွင့်ကတ်ပြား ထုတ်ယူခွင့်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

**၂၀၁၁ ခုနှစ် မတ် ၇ ရက်မှ မတ် ၁၇ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်တောင်းထားကြသော ကျောင်းသား ကျောင်းသူများအနေဖြင့် -**

(၁) တစ်ပြည်လုံးရှိ နယ်စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့်ကတ်ပြား (Identity Card) များကို **၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် (အင်္ဂါနေ့)** မှစ၍လည်းကောင်း၊

(၂) ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို **၂၀၁၁ ခုနှစ် မတ် ၁ ရက် (အင်္ဂါနေ့)** မှစ၍လည်းကောင်း စာမေးပွဲရက်မတိုင်မီ အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူကြရန်ဖြစ်သည် -

(က) အခြေခံပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ)နှင့် (တွဲဖက်) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို သက်ဆိုင်ရာ မိမိတို့ကျောင်းအုပ်ကြီးများထံမှ လည်းကောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❐

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်)

# မျက်စိရောဂါများ လျော့နည်းပပျောက်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်

မြန်မာနိုင်ငံ၏ မျက်စိရောဂါဖြစ်ပွားမှုကို လေ့လာကြည့်လျှင် မျက်မမြင်ဖြစ်ရသည့် ၈၀ ရာခိုင်နှုန်းသည် ကာကွယ်ကုသ၍ရသည့် ရောဂါများဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်အရောက်၌ ကာကွယ်ကုသ၍ ရသည့် မျက်စိကွယ်ခြင်းများ ကင်းစင်ပပျောက်စေရန်နှင့် မျက်စိကွယ်သည့်နှုန်းကို ရာခိုင်နှုန်း ၀ ဒသမ ၅ အောက် လျော့ကျစေရန် ရည်မှန်းထားရှိ ဆောင်ရွက်လျက်ရှိသည်။

ယင်းရည်မှန်းချက်ကို အောင်မြင်ရန် အကောင်အထည်ဖော်ရာတွင် ၂၀၂၀ ပြည့်နှစ်အရောက်၌ ပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တစ်နိုင်ငံလုံး လွှမ်းမိုးမိစေရန်အတွက် အတွင်းတိမ်ခွဲစိတ်မှုနှုန်း တစ်နှစ်လျှင် ၁၄၀၀ အထိ တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ အတွင်းတိမ်ခွဲစိတ်ရာ၌ မျက်ကြည်မှန်ထည့်သည့်နှုန်း ရာခိုင်နှုန်း ၉၀ အထိ တိုးမြှင့်နိုင်ရန်နှင့် မျက်စိအထူးကုဆရာဝန်များ၊ မျက်မှန်ပညာရှင်များနှင့် မျက်စိ သူနာပြုများ တိုးမြှင့်မွေးထုတ်ပေးရန် စသည့်လုပ်ငန်းများကို ဖော်ဆောင်လျက်ရှိသည်။

ရခိုင်ပြည်နယ် စစ်တွေခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်း ခွဲစိတ်ကုသမှုအောင်ပွဲကို ဖေဖော်ဝါရီလ ၁၁ ရက်နေ့က စစ်တွေမြို့ ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်း၌ ကျင်းပခဲ့ သည်။

မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသမှုကို ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် စစ်တွေမြို့မှ ပြည်နယ်မျက်စိအထူးကု ဆရာဝန်ကြီးများ ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

မျက်စိခွဲစိတ်ကုသမှုလုပ်ငန်းကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၁ ရက်အထိ ဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ် စစ်တွေခရိုင်အတွင်းရှိ စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ပေါက်တောနှင့် မြေပုံမြို့နယ်များမှ မျက်စိဝေဒနာရှင် ပြင်ပလူနာ ၁၄၄၅ ဦးနှင့် အတွင်းတိမ်လူနာ ၅၇၃ ဦးတို့အား အခမဲ့ စမ်းသပ်ခွဲစိတ် ကုသပေးခဲ့သည်။ နေကာမျက်မှန်များ၊ ထောက်ပံ့ငွေများနှင့် ဆေးဝါးပစ္စည်းများကိုလည်း ပေးအပ်ခဲ့သည်။ ကုသမှုလုပ်ငန်းများအတွက် ဆေးဝါးပစ္စည်းများနှင့် ကုန်ကျစရိတ်များကို အလှူရှင်များ ကလည်း ပါဝင်လှူဒါန်းခဲ့ကြသည်။

မျက်စိရောဂါများ လျော့နည်းပပျောက်စေရေးအတွက် ယခုအခါ မျက်စိအထူးကုဆရာဝန်ကြီးများက မြို့နယ်၊ ကျေးရွာများအထိကွင်းဆင်း၍ မျက်စိဝေဒနာရှင်များကို ကုသပေးလျက်ရှိရာ ပြည်သူများကလည်း အလေးထား ပူးပေါင်းပါဝင် ဆောင်ရွက်သွားသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြိတ်ခရိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများ
## တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကတ္တရာလမ်းသစ်များ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းက အဆိုပါလမ်းသစ်များ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး တက်ရောက်၍ လမ်းသစ်တစ်လျှောက် ဖြတ်သန်း ကြည့်ရှုစစ်ဆေးပြီး အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပါရမီရပ်ကွက် အခြေခံပညာမူလတန်းကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လှိုင်သာယာမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးဗိုလ်လု

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

လှိုင်သာယာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၃ နာရီက လှိုင်သာယာ စက်မှုဇုန်အားကစားကွင်း၌ ကျင်းပပြီး ဗိုလ်လုပွဲအဖြစ် အမှတ်(၃)ရပ်ကွက် ဘောလုံးအသင်းနှင့် ညောင်ကျေးရွာဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ညောင်ကျေးရွာ ဘောလုံးအသင်းက အမှတ်(၃)ရပ်ကွက် ဘောလုံးအသင်းကို လေးဂိုး-ငါးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုပေးပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်း ရေးမှူး ဦးအေးမြင့်က တတိယရရှိသော အမှတ်(၁၈)ရပ်ကွက်ဘောလုံးအသင်း အား တစ်ဦးချင်းဆုများကိုလည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သက်လွင်က ဒုတိယရရှိသော အမှတ်(၃)ရပ်ကွက်ဘောလုံးအသင်းကိုလည်းကောင်း၊ မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးထိန်စိုးက နေရာ လိုက် အကောင်းဆုံးအားကစားသမားဆုများနှင့် မြို့နယ်ဥက္ကဋ္ဌဖလားရရှိသော ညောင်ကျေးရွာ ဘောလုံးအသင်းအား တံခွန်စိုက်ဆုဖလားကြီးကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၀၉၇)

# မီးဘေးကြိုတင်ကာကွယ်ရေး တမူး၌ ဆောင်ရွက်

**တမူး ဖေဖော်ဝါရီ ၁၆**

တမူးမြို့ပေါ်(၄)ရပ်ကွက်ဖြစ်သည့် မြို့မ၊ ဈေးတန်း၊ စန္ဒကူး၊ စော်ဘွားအင်း ရပ်ကွက်များ၏ မီးဘေး ကြိုတင် ကာကွယ်ရေးဆောင်ရွက်မှုနှင့် မီးသတ် ရေကန်များ၊ မီးတားလမ်းများ၊ မီးကင်း များ၊ မီးသတ်ယာဉ် ဝင်၊ ထွက်နိုင်သော လမ်းများနှင့် ရပ်ကွက် အရန်မီးသတ် တပ်ဖွဲ့တွင်ထားရှိသော အပေါ့စားရေစုပ် စက်များ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု ကို တမူးခရိုင်ဥက္ကဋ္ဌ ဦးညီညီထွေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဇော်တို့က ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက်များ တွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင့်ဇော် နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက် အလိုက် ဆောင်ရွက်ထားရှိမှုကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရှိ ရသည်။ **(ခရိုင် ပြန်/ဆက်)**

# မြောင်းမြမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

**မြောင်းမြ ဖေဖော်ဝါရီ ၁၆**

မြောင်းမြမြို့နယ် ရွာသာကြီး ကျေးရွာအုပ်စု ရေလျှံကျေးရွာ ပညာ အားမာန် စာကြည့်တိုက်အဆောက် အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ရေလျှံကျေးရွာ စာကြည့်တိုက်ရှေ့၌ကျင်းပရာ မြောင်းမြ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်က အမှာစကားပြောကြားသည်။

**ဖွင့်လှစ်ပေး**

ထို့နောက် ပညာအားမာန် စာကြည့်တိုက်အဆောက်အအုံသစ်ကို မြောင်းမြခရိုင်ဥက္ကဋ္ဌ ဦးမင်းထူးကျော်၊ မြောင်းမြခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှကြည်၊ ရွာသာကြီးကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးစိုးခိုင်နှင့် အလှူရှင် ဦးခင်မောင်လတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**လက်ခံယူ**

အဆိုပါစာကြည့်တိုက်သို့ ခရိုင် ဥက္ကဋ္ဌက စာအုပ်စာစောင် ၁၀၃ အုပ်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနက စာအုပ်စာစောင် အုပ်ရေ ၃၀၀၊ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့က ဂျာနယ်စောင်ရေ ၁၀၀၊ မြောင်းမြမြို့မှ သင့်မိတ်ဆွေ ဆန်စက် ပိုင်ရှင် ဦးကိုကို-ဒေါ်ညွန့်ညွန့်သန်း တို့က မဂ္ဂဇင်းစာအုပ်မျိုးစုံ ၃၇၃ အုပ်၊ ဂျာနယ်မျိုးစုံ ၄၇၃ စောင်နှင့် ဝေါ်ဗွီးရှင်း (မြန်မာ)က စာအုပ် ၄၂၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၈၄၉၀၀၀ ရှိ စာအုပ် စာစောင်တို့ကို လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးခိုင် က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

**သဃၤန်းကျွန်းမြို့နယ်၏ ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က အထက(၁) သဃၤန်းကျွန်း သပြေခန်းမ၌ကျင်းပရာ အရှေ့ပိုင်း ခရိုင် ပညာရေးမှူး ဦးရှိန်းလိန်းအောင်က မြို့နယ်အဆင့် အလယ်တန်းစံပြ ကျောင်းဆုနှင့် မြို့နယ်အဆင့် ကျောင်းစိမ်းလန်းစိုပြည်ရေး ဆုရရှိသည့် အလက(၄) သဃၤန်းကျွန်း ကျောင်းအုပ်ဆရာကြီး ဦးလှဝင်းအား ဆုပေးအပ် ချီးမြှင့်စဉ်။** (ပညာရေး)

## ကတ္တရာလမ်းခင်း

**ဇန်နဝါရီ ၃၀ ရက်က ဝါးခယ်မမြို့ မင်းပိုင်းရပ်ကွက် မြို့မလမ်း ကတ္တရာခင်းရန် လုပ်ငန်းဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင် နီယာ ဦးကျော်မျိုးအောင် ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

*** ရှေ့ဖုံးမှ**

အစည်းအဝေးတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

**တက်ရောက်**

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိ နေရာယူသည်။ ၎င်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် (၆၅၈)ဦး ရှိသည့်အနက် (၆၅၅)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၅၄ ရာခိုင်နှုန်းတက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ပြည်ထောင်စုတရားသူကြီးချုပ် အပါအဝင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးခုနစ်ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ရန် တင်ပြချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

**တင်ပြ**

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကတင်ပြသော ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်နိုင်ရေးအတွက် တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၆ တို့နှင့်အညီ ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ဦးထွန်းထွန်းဦးအား ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

**ကြေညာ**

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အရည်အချင်းနှင့် စပ်လျဉ်း၍ စိစစ်နိုင်ရန် ၎င်း၏ ကိုယ်ရေးအချက်အလက်ကို သက်ဆိုင်ရာပါတီအလိုက် ဆက်သွယ်ရန် တာဝန်ပေးထားသည့် ကိုယ်စားလှယ်က လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တောင်းခံနိုင်ကြောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်သည် ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ (ခ) အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၁ တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့ညနေပိုင်း၌ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က သတ္တမနေ့ အစည်းအဝေးကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၁၇ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်နိုင်ရေးအတွက် တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြစဉ်။** (သတင်းစဉ်)

**ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။** (သတင်းစဉ်)

# မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီ( ၅ )ခုတို့ စာချုပ်ချုပ်ဆို

နေပြည်တော် ဖေဖော်ဝါရီ ၁၆

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး ခန်းမဆောင်၌ ကျင်းပသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီ ငါးခုဖြစ်သော Barons Machinery & Engineering Pte.,Ltd., Sino Hydro Coporation Ltd.,Gunkul Engineering Public Co.,Ltd.,United National Oil & Gas Pte.,Ltd.,Chint Electric Co.,Ltd. တို့အကြား ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။**

**တက်ရောက်**

အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးဇော်မင်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ကုမ္ပဏီ ငါးခုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး ကုမ္ပဏီများကိုယ်စား Barons Machinery & Engineering Pte., Ltd., Managing Director ဒေါ်အိဖြူစင်ဌေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**လက်မှတ်ရေးထိုး**

ယင်းနောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးနှင့် ကုမ္ပဏီ ငါးခုတို့မှ အုပ်ချုပ်မှုဒါရိုက်တာများသည် စစ်တောင်းပင်မဓာတ်အားခွဲရုံ အဝင်/အထွက် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း(၆)မိုင်၊ စစ်တောင်းပင်မဓာတ်အားခွဲရုံ၊ သဖန်းဆိပ်ပင်မဓာတ်အားခွဲရုံနှင့် ငှက်ပျောဒိုင်းပင်မဓာတ်အားခွဲရုံတို့အတွက် လိုအပ်သော လျှပ်စစ်ပစ္စည်းများ ဝယ်ယူရန်အတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❒ ရှေ့ဖုံးမှ**

(ခ) ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှလည်းကောင်း အသီးသီးထုတ်ယူနိုင်ကြသည်။

(၃) ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဝင်ခွင့်ကတ်ပြားများထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ ကြီးကြပ်ရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်အဖွဲ့က သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

**တာမွေမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း ၂၀၁၀-၂၀၁၁ ဘက်စုံပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မာအေးက ပထမတန်းတွင် ပထမဆုနှင့် ကျောင်းတက်ရက်မှန်ဆုရ မကုဋ္ဌေသက်ပိုင်မှူးအား ဆုချီးမြှင့်စဉ်။** (၁၇၁)

# လုံခြုံရေးစနစ်သုံးပစ္စည်းများ ခင်းကျင်းပြသမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

LUCKY BIRD GROUP ၏ လုပ်ငန်းတစ်ခုဖြစ်သည့် True Value Solution မှ(Electronic Article Surveillance System ) နှင့် Security Solution များကို ဖေဖော်ဝါရီ ၁၈ နှင့် ၁၉ ရက်တို့တွင် Strand Hotel ၌ကျင်းပမည့် Software & Solution Exhibition 2011 တွင် ပြသသွားမည်ဖြစ်သည်။

**အသုံးပြုနိုင်**

အဆိုပါ EAS System သည် အဆင့်မြင့်လုံခြုံရေးစနစ်သုံး Electronic Article Surveillance System စနစ်ဖြစ်ပြီး စတိုးဆိုင်၊ စူပါမားကတ်ကြီးများ၊ အဝတ်အထည်ဆိုင်များတွင် အသုံးပြုနိုင်သည်။

ထို့အပြင် TRUE VALUE မှ လုံခြုံရေးစနစ်အတွက် CCTV ကင်မရာများတပ်ဆင်ပေးခြင်းလုပ်ငန်း၊ ယာဉ်များပေါ်တွင် Black Box Camera တပ်ဆင်ပေးခြင်းလုပ်ငန်း၊ နေအိမ်/ရုံးများအတွက် Wireless Home Alarm System များ တပ်ဆင်ပေးခြင်းလုပ်ငန်း၊ မိမိယာဉ်များ၏ ရောက်ရှိရာနေရာကို အချိန်နှင့်တစ်ပြေးညီသိနိုင်သည့်စနစ် Real Time Tracking System စသည်တို့ကို ဝန်ဆောင်မှုပေးလျက်ရှိသည်။ ယာဉ်မျိုးစုံပေါ်တွင် တပ်ဆင်နိုင်သော Black Box Camera များကို တပ်ဆင်အသုံးပြု၍ ယာဉ်သွားရာလမ်းကြောင်းတစ်လျှောက်ရှိ ဗီဒီယိုပုံရိပ်များနှင့် အသံများကို ပြန်လည်ကြည့်ရှုနိုင်သည်။ Real Time Tracking System သည် မိမိ၏ယာဉ်ပေါ်တွင် GPS စနစ်ပါသော ကိရိယာကိုတပ်ဆင်ပေးထားပြီး မိမိ၏ နေအိမ် သို့မဟုတ် ရုံးမှ အဆိုပါ ယာဉ်ရောက်ရှိနေရာကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်သည့် စနစ်ဖြစ်သည်။ Wireless Home Alarm System သည် မိမိအိမ်သို့ ကျူးကျော်ဝင်ရောက်ခြင်းများ၊ မီးလောင်ခြင်းများကို အလိုအလျောက် ကျယ်လောင်သော အသံဖြင့် ပတ်ဝန်းကျင်ကို အသိပေးသကဲ့သို့ အိမ်ရှိလိုင်းဖုန်းမှတစ်ဆင့် မိမိအလိုရှိသော ဖုန်းခေါ်ကလုံးတို့ကို အလိုအလျောက် အကြောင်းကြားပေးသော စနစ်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

စိတ်ပါဝင်စားသူများအနေဖြင့် TRUE VALUE Show Room များ တည်ရှိရာ ရန်ကုန်ရုံးအမှတ်(၃၅၁)သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၁၅၁၅၀၀နှင့် ၃၉၉၀၁၁၊ မန္တလေးရုံး အမှတ်(၅)၂၆လမ်း ၇၈ လမ်း နှင့် ၇၉ လမ်းကြား ဖုန်း-၀၂-၂၁၅၇၂၊ နေပြည်တော်ရုံး သပြေကုန်း ဈေးအနောက်မြောက်အပိုင်း နေပြည်တော် ဖုန်း-၀၆၇ - ၄၁၄၁၁၃သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

17-2 (03).pmd 1 2/17/2011, 1:54 AM

နိုင်ငံတကာသတင်းများ

## အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

### အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၆

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၁၆ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၅၀၂၆ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၁၂၇၆၅၆၈** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အီရတ်ပြည်သူများ | ၇၀၅၀၂၆ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ | ၁၂၇၆၅၆၈ ဦး |

(အင်တာနက်)

## အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

### အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဖေဖော်ဝါရီ ၁၆

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၁၆ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ **၃၃၆၅၅**ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၄၀၉၅၇** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အာဖဂန်ပြည်သူများ | ၃၃၆၅၅ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ | ၄၀၉၅၇ ဦး |

(အင်တာနက်)

# အာဖဂန်ကလေးများအား အကြမ်းဖက်တိုက်ခိုက်ခံရမှု ပို၍တိုးလာဟု ကုလသမဂ္ဂအစီရင်ခံစာ၌ဖော်ပြ

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၆

**အာဖဂန်နစ္စတန်နိုင်ငံ ပဋိပက္ခအတွင်း သေကျေထိခိုက်ဒဏ်ရာရသည့် ကလေးအရေအတွက် တိုးပွားလာကြောင်း၊ အများစုမှာ တာလီဘန်နှင့် အခြားသော တိုက်ခိုက်ရေးသမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့်ဖြစ်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာတစ်စောင်တွင် ဖော်ပြခဲ့ရာ ဖေဖော်ဝါရီ ၁၆ ရက်က အင်တာနက်စာမျက်နှာ၌ ဖော်ပြသည်။**

၂၀၀၈ ခုနှစ် စက်တင်ဘာ ၁ ရက်မှစပြီး နှစ်နှစ်ကြာ စစ်တမ်းကောက်ယူခဲ့ရာ စစ်ရေးနှင့် လုံခြုံရေး အခြေအနေမှာလည်း ပို၍ပင် ဆိုးရွားလာခဲ့ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

**ထိုးစစ်ဆင်**

အမေရိကန် ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များနှင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိုးစစ်ဆင်တိုက်ခိုက်မှုများ အရှိန်မြှင့်ဆောင်ရွက်နေသကဲ့သို့ အသေခံဗုံးခွဲတိုက်ခိုက်မှု၊ ဒုံးလက်နက်များဖြင့် ပစ်ခတ်မှုနှင့် ဗုံးခွဲတိုက်ခိုက်မှုများကြောင့်လည်း ကလေးများ သေကျေထိခိုက်ဒဏ်ရာရမှု တိုးလာခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။



**အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ထိခိုက်ဒဏ်ရာရသူများကို ဖေဖော်ဝါရီ ၁၄ ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

အကြမ်းဖက်တိုက်ခိုက်သမားများအနေဖြင့် ကလေးများကို တိုက်ခိုက်ရေး လုပ်ငန်းများတွင် အသုံးချခံနေကြရကြောင်းလည်း အစီရင်ခံစာတွင် ရေးသားဖော်ပြသည်။ ကလေးငယ်များအား အကြမ်းဖက်တိုက်ခိုက်မှုများကို အဆုံးသတ်ရေး ပိုမိုကြိုးပမ်းအားထုတ်ကြရန်လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်တွန်းလိုက်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ အရပ်သားများနှင့် စစ်ဘက်လုံခြုံရေးတပ်ဖွဲ့ဝင်များ သေဆုံးနေမှုမှာ ဆယ်စုနှစ်တစ်ခုအတွင်း မကြုံစဖူးအောင် မြင့်တက်လာခဲ့ကြောင်း၊ ယမန်နှစ်က အရပ်သား ၂၄၀၀ ကျော် သေဆုံးခဲ့ရကြောင်း၊ လမ်းဘေးဗုံးများကြောင့် အသေအပျောက်အများဆုံးဖြစ်ခဲ့ရကြောင်း၊ ဒေသခံသတင်းထောက်များက ပြောကြားသည်။ လွန်ခဲ့သည့် နှစ်နှစ်တာအတွင်း အာဖဂန်ကလေးများ သေဆုံးရမှုမှာ ၁၈၀၀ နီးပါးရှိခဲ့ကြောင်း ကုလသမဂ္ဂ၏ လေ့လာမှုစစ်တမ်းတွင် ဖော်ပြထားသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

## လူအစုလိုက် သတ်ထားသည့်သချိုင်း အီရတ်၌တွေ့ရှိ

**ဒီယာလာ ဖေဖော်ဝါရီ ၁၆**

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်၌ အမေရိကန်တို့၏ ကျူးကျော်တိုက်ခိုက်စဉ်အတွင်း အစုလိုက် အပြုံလိုက် သတ်ပစ်ခဲ့သည့် လူသေရုပ်အလောင်း ၁၅၀ ကျော်ကို သင်္ချိုင်းတစ်ခုအတွင်း အီရတ်လုံခြုံရေးတပ်ဖွဲ့က တွေ့ရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၁၅ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

**သတင်းပေးပို့**

အဆိုပါသင်္ချိုင်းမှာ ဘဂ္ဂဒက်မြို့ မြောက်ဘက် ၆၅ ကီလိုမီတာအကွာ ဒီယာလာပြည်နယ် ဘူရက်ခရိုင်၌ ပြီးခဲ့သည့် သောကြာနေ့က တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးက သတင်းပေးပို့သည်။ သင်္ချိုင်းအတွင်း အရိုးစုများကို ပုံစံမပျက်တွေ့ရှိခဲ့ရကြောင်း၊ ယင်းရုပ်အလောင်းများမှာ ရှီးယိုက်နှင့် ကာ့ဒ်တို့၏ ရုပ်အလောင်းများဖြစ်ကြောင်း အီရတ်လူ့အခွင့်အရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသို့ သတင်းပေးပို့သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

## မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

➤ မောင်မောင်မြင့်ဆွေ - ရေးသားသည် ➤

### ဂျပန်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား ကောင်ရေ ၆၇၀၀၀ ကျော် သုတ်သင်

**တိုကျို ဖေဖော်ဝါရီ ၁၆**

ဂျပန်နိုင်ငံ ကင်ဆိုင်ဒေသအနောက်ပိုင်း မီအီစီရင်စု ကီဟိုမြို့ရှိ မွေးမြူရေးခြံတစ်ခြံ၌ဖေဖော်ဝါရီ ၁၆ရက်က ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ကြက်ကောင်ရေ ၁၆၀ခန့် သေဆုံးခဲ့ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ကူးစက်ခံနေရသော ကြက်ကောင်ရေ ၆၇၀၀၀ ကျော်ကိုလည်း တာဝန်ရှိသူများက သုတ်သင်ရှင်းလင်းခဲ့ကြောင်း၊ အခြားကြက်ခြံများကိုလည်း ကူးစက်လျက်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ အချို့ကြက်မွေးမြူရေးခြံများမှ ကြက်များကိုလည်း အခြားဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း သိရသည်။

**သတိပေးချက်ထုတ်ပြန်**

ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးသည် လူများသို့ကူးစက်မှု လောလောဆယ်တွင် မတွေ့ရှိရသေးကြောင်း၊ ဂျပန်နိုင်ငံတွင် ပြီးခဲ့သည့် နိုဝင်ဘာလမှစတင်ကာ လူသို့ ကူးစက်မှုမရှိသေးကြောင်း၊ ပြည်သူများအား သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**



### အေတီဗွီ-၂ အာကာသယာဉ် လွှတ်တင်ရေးရွှေ့ဆိုင်း

**ပါရီ ဖေဖော်ဝါရီ ၁၆**

ဥရောပ၏ ဒုတိယမြောက် အာကာသယာဉ် အေတီဗွီ-၂ကို ပြင်သစ်နိုင်ငံ ဂိုင်ရာနာအာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ဖေဖော်ဝါရီ ၁၆ရက် ဒေသစံတော်ချိန် ၁၉ နာရီ ၁၃ မိနစ်ကလွှတ်တင်ရန် စီစဉ်မှုကို ရွှေ့ဆိုင်းလိုက်ကြောင်း ပြင်သစ်အရာရှိများက ပြောကြားသည်။

၎င်းအာကာသယာဉ်ကို လွှတ်တင်ရန် သတ်မှတ်ချိန် လေးမိနစ်အလိုတွင် နည်းစနစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် လွှတ်တင်မှုကိုရွှေ့ဆိုင်းလိုက်ပြီး နောက်ထပ်လွှတ်တင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက် ပြောကြားသည်။ **(ဓါတ်ပုံ)**

၎င်းအာကာသယာဉ်သည် နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ သွားရောက်ပြီး လောင်စာဆီနှင့်လိုအပ်သည့်ကုန်ပစ္စည်းများ ဖြည့်ဆည်းမည့် အာကာသယာဉ်ဖြစ်သည်။ **(အင်တာနက်)**

### သြစတြေးလျမြောက်ပိုင်း၌ ဆိုင်ကလုန်း သတိပေးချက်ထုတ်ပြန်

ကင်ဘာရာ ဖေဖော်ဝါရီ ၁၆

**သြစတြေးလျနိုင်ငံမြောက်ပိုင်းဒေသများသို့ လာမည့် ၂၄ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်နိုင်ကြောင်း သြစတြေးလျနိုင်ငံ မိုးလေဝသဌာနက ဖေဖော်ဝါရီ၁၆ရက်၌ သတင်းထုတ်ပြန်သည်။ ဂါလက်အမည်ရှိ ၎င်းဆိုင်ကလုန်းမုန်တိုင်းသည် တစ်နာရီ ကီလိုမီတာ ၁၃၀ နှုန်းအထိတိုက်ခတ်နိုင်ပြီး မိုးသည်းထန်မှုနှင့်ရေလွှမ်းမှုများဖြစ်ပေါ်နိုင်ကြောင်း၊ အထူးသဖြင့် ဒါဝင်ဒါလေခရိုင်သည် ဆိုင်ကလုန်းမုန်တိုင်းဒဏ် ဆိုးရွားစွာခံရဖွယ်ရှိကြောင်း သတင်း၌ဖော်ပြသည်။**

**၎င်းဆိုင်ကလုန်းမုန်တိုင်းသတိပေးချက်ကြောင့် ဒါဝင်နှင့်ပယ်မီရာစတန်အရပ်များ၌ စာသင်ကျောင်းနှင့်လေဆိပ်များ ပိတ်ထားရကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။**

(အင်တာနက်)

## လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး မြင်းခြံ၌ အလုပ်ရုံဆွေးနွေး

**မြင်းခြံ ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို မြင်းခြံမြို့နယ်ရုံး၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ကျင်းပရာ မြင်းခြံခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းရင်၊ မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးသန်းနိုင်၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးကျော်ကျော်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး၊ မြို့နယ်သစ်တောရေးရာဦးစီးဌာနမှူးနှင့် မြို့နယ်မြေစာရင်းဝန်ထမ်းများ တက်ရောက်ကြပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းရင်က မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းကာ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးကျော်ကျော်က မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးသည်။**(အပေါ်ပုံ)** အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက်မှ ၄ ရက်အထိ ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်း)**

## အထက မာန်အောင် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

*မာန်အောင် ဖေဖော်ဝါရီ ၁၆*

*အထကမာန်အောင်ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၁၇ ရက် (တနင်္ဂနွေနေ့) မြန်မာနှစ်ဆန်းတစ်ရက်နေ့၌ အထက မာန်အောင် အောင်ဇေယျာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အထကမာန်အောင်တွင်တာဝန်ထမ်းဆောင်ခဲ့ကြသောအသက်(၆၀)ပြည့်အငြိမ်းစားဆရာဆရာမကြီးများဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေတက်ရောက်ကြရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများက အလှူငွေများကို ရန်ကုန်မြို့တွင် ခင်မောင်ကြည် (အမောင်) (၈၁) ဖုန်း-၀၉-၅၁၆၂၄၁၃၊အောင်သန်း(၈၂) ဖုန်း-၀၉-၅၀၃၈၄၃၇၊ ဘကြည်(၉၁) ဖုန်း-၀၉-၅၀၄၉၅၂၆၊ ခင်မောင်စိုး(၉၂)ဖုန်း-၀၉-၅၁၁၂၀၉၁၊ဝင်းမြင့်(၉၄) ဖုန်း-၀၉-၈၅၁၃၁၇၉၊ နေဝင်းအောင် (ဖိုးချက်စူ) (၉၅) ဖုန်း-၀၉-၄၉၃၁၂၄၂၀၊ ရဲလင်းထွန်း(ကိုကို)(၀၀) ဖုန်း-၀၁-၅၅၃၁၈၈(၂၂၄)နှင့်မာန်အောင်တွင် ခင်သီတာထွန်း(မိချစ်) (၉၁) ဖုန်း-၀၉-၈၅၁၃၁၀၇၊ သန်းဇော် (၉၂) ဖုန်း-၀၉-၈၅၁၃၁၉၈၊ညီချေ(၉၃) ဖုန်း-၀၉-၈၅၁၃၀၈၂နှင့် စိန်လှမောင် (၉၅)ဖုန်း-၀၉-၄၉၆၇၂၂၀၁တို့ထံသို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။* ***(မြန်မာ့အလင်း)***

**ပန်းဘဲတန်းမြို့နယ် ၂၈လမ်း (အလယ်) ဆွမ်းလောင်းအသင်း မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူးဦးထွန်းအေး လက်ခံယူစဉ်။** (ကင်ဆာဖောင်ဒေးရှင်း)

## သံတွဲမြို့နယ် လင်းသာစံပြကျေးရွာ၌ ကတ္တရာလမ်းသစ်ဖွင့်

**သံတွဲ ဖေဖော်ဝါရီ ၁၆**

သံတွဲမြို့နယ် လင်းသာစံပြကျေးရွာ ဘုရားကြီးလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးထွန်းဝေက အမှာစကားပြောကြားသည်။ ထို့နောက် လင်းသာစံပြကျေးရွာဥက္ကဋ္ဌ ဦးဘငွေက ဘုရားကြီးလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဖွင့်လှစ်ပေး**

ဆက်လက်၍သံတွဲမြို့နယ်လင်းသာစံပြကျေးရွာဘုရားကြီးလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ကို ခရိုင်ဥက္ကဋ္ဌ ဦးထွန်းဝေ၊မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့်လင်းသာစံပြကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)** အဆိုပါကတ္တရာလမ်းသစ်မှာ အရှည် ၉၂၄ ပေ၊ အကျယ် ၁၀ ပေ ရှိကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

*ရန်ကုန် ဖေဖော်ဝါရီ ၁၆*

***ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း (YPGG) ရန်ကုန်၏ (၃၉)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် (စနေနေ့) နံနက် ၆ နာရီခွဲတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသားတိုင်း ပါဝင်ယှဉ်ပြိုင်ကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၀၅၄၄၀၈နှင့် ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။*** *(ဂေါက်ရိုက်အသင်း)*

## ဘက်ထရီအိုးများ ဈေးနှုန်းလျှော့ရောင်းချ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

Best Battery Trading Co., Ltd. မှ တစ်ဦးတည်းကိုယ်စားလှယ်ယူ၍ တင်သွင်းရောင်းချလျက်ရှိသည့် ATLAS, E-NEX, DUPEX နှင့် ABX- AGM တံဆိပ် ဘက်ထရီအိုး အရွယ်အစားမျိုးစုံအနက်မှ မော်တော်ကား၊ အင်ဗာတာ၊ ဆိုလာသုံးအိုးအချို့ကို ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ ဝယ်ယူအားပေးသူများကိုကျေးဇူးတုံ့ပြန်သောအားဖြင့် အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

တောင်ကိုရီးယားနိုင်ငံ ATLA-SBX ကုမ္ပဏီပိုင်စက်ရုံနှစ်ခုမှတိုက်ရိုက်မှာယူ တင်သွင်း ရောင်းချနေသော အထက်ပါတံဆိပ်လေးမျိုးနှင့် အရွယ်အစားစုံ ၂၅ မျိုးအနက် ၁၇ မျိုးအား ဈေးလျှော့ရောင်းချခြင်းဖြစ်ပြီးအသေးဆုံးအရွယ်အစား 38 Ah ကို ကျပ်လေးထောင်မှ အကြီးဆုံး 250 Ah ကို ကျပ်လေးသောင်းအထိလျှော့ချရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

ATLAS, E-NEX, DUPEX နှင့် ABX- AGM များမှာ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်သို့ ဖြန့်ချိရောင်းချလျက်ရှိသည့် ပထမတန်းစား ဘက်ထရီများဖြစ်သည်။မိုးရေထပ်ဖြည့်ရန်မလိုသည့် အလုံပိတ် (Maintenance Free) နည်းပညာသုံးဘက်ထရီများကို ယခုအခါ မြန်မာပြည်တွင် ကျယ်ပြန့်စွာ အသုံးပြုလာကြသည်။

အဆိုပါ ဘက်ထရီများကို ရန်ကုန်မြို့တွင်းရှိ ဘက်ထရီဆိုင်အများအပြားတွင် ဝယ်ယူရရှိနိုင်ပြီး ကုမ္ပဏီ Show Room အမှတ် ၃၁၆ မဟာသုခိတလမ်း အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၄၆၃၆၃ နှင့် ၆၄၂၇၂၁ တို့ထံသို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**အမက(၁၇) သာကေတ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၀ရက်က ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မြင့်ရီက သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မအင်ကြင်းဇင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (ပညာရေး)

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ဇန်နဝါရီ ၅ ရက်က အမှုဆောင်အရာရှိ ဦးနီထွန်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၃ ရက်က ဦးစီးအရာရှိနှင့် ဈေးဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ခြင်းသရုပ်ပြလေ့ကျင့်စဉ်။ (မြို့နယ်စည်ပင်)

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီးအတွင်း မီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၆ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ကွင်းဆင်းစစ်ဆေးရာ တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဆိပ်ခွန်ဈေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုကို အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

တိုက်ကြီးမြို့နယ် ဥက္ကံဈေး မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၈ ရက်က မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများပြုလုပ်ရာ မြို့နယ်အရန်မီးသတ်စခန်းတာဝန်ခံ ဦးသိန်းတန်နှင့် ရုံးခွဲတာဝန်ခံ ဦးစီးအရာရှိ ဦးထိန်လင်းတို့ ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

# ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ် ရဲအောင် တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

အမရပူရမြို့နယ် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၈ရက် နံနက်ပိုင်းက အဆိုပါလမ်းထိပ် မင်္ဂလာမုခ်ဦး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်သည်။ အခမ်းအနားတွင် တာဝန်ရှိသူများက လမ်းသစ်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထိုမှတစ်ဆင့် တိုင်းမှူးသည် အမရပူရမြို့နယ် ဆင်ရွာ၊ မြင်းမူကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပြီး အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က လက်ခံကြသည်။ ယင်းနောက် တိုင်းမှူးသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၇ ရက်က ရပ်စောက်မြို့နယ်၌(၁၉၈၀×၁၀)ပေရှိ ပင်ဖြစ် ဈေးပတ်ကျောက်ချောလမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးခွန်စိုးလွင်နှင့် အမှုဆောင်အရာရှိ ဦးသောင်းညွန့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

# လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ငါန်းဇွန်မြို့၌ သင်တန်းဖွင့်

**ငါန်းဇွန် ဖေဖော်ဝါရီ ၁၆**

မြင်းခြံခရိုင် ငါန်းဇွန်မြို့၌ မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း(မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်က အမှာစကားပြောကြားပြီး မြို့နယ် မြေစာရင်းဦးစီးအရာရှိ ဦးမိုးဇော်ထက်က ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ သင်တန်းသား ၃၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြင်းမူမြို့ ကမ်းနားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို ဖေဖော်ဝါရီ ၁၀ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သန်းသန်းနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးသန်းဇော် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

# စာကြည့်တိုက်သို့ အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ရုံးစာကြည့်တိုက်သို့ အင်တာနက်လိုင်း တပ်ဆင်ခြင်း၊ ကွန်ပျူတာစနစ်သုံး (e-library management system) စာကြည့်တိုက်သုံးဆော့ဝဲလ်နှင့်ပရိဘောဂများပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော်သူက အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် အလှူရှင်များဖြစ်ကြသော ဦးစိုးညွန့်(တော်ဝင်နှင်းဆီ)က အင်တာနက်တပ်ဆင်ရန် ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ဦးရဲထက်ဦး (စာကြည့်တိုက်မှူး၊ သရပါစာကြည့်တိုက်)က ငွေကျပ်ငါးသိန်း တန်ဖိုးရှိသောကွန်ပျူတာစနစ်သုံး (e-library management system) စာကြည့်တိုက်ဆော့ဝဲလ် ကိုလည်းကောင်း၊ လူမှုထူးချွန် ဦးရဲအောင်-သုဓမ္မသိင်္ဂီ ဒေါ်လှဲလှဲဝင်းတို့က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိသော ပရိဘောဂများကိုလည်းကောင်း၊ မြန်မာမဟာထွန်းကုမ္ပဏီမှ ဦးညွန့်အောင်က ပလတ်စတစ်ထိုင်ခုံ ၁၀လုံးကိုလည်းကောင်း လှူဒါန်းကြရာ ခရိုင်အတွင်းရေးမှူး ဦးစိုးမြင့်က လက်ခံ၍ ဂုဏ်ပြုလက်မှတ် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရွာသစ်ကျေးရွာ အခြေခံ ပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၄ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးက စတုတ္ထတန်းမှ ပထမဆုရရှိသူ မောင်လျှံထက်ဝေအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၈၃)

# ကွန်ပျူတာသိပ္ပံဘွဲ့ သင်တန်းများ ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရတနာပုံ နည်းပညာမြို့သစ်၌ MCC Group မှ MCC Training Institute (ရတနာပုံ)ကို တည်ထောင်ဖွင့်လှစ်ပြီးနောက် Yangon Campus နှင့် Mandalay Campus တို့ကို ဆက်လက်တိုးချဲ့ကာ နိုင်ငံတကာအဆင့် နိုင်ငံခြားတက္ကသိုလ်များ၏ ဘွဲ့သင်တန်းများ သင်ကြားပေးလျက်ရှိသည်။ ယခုလက်ရှိတွင် MCC Training Institute (ရတနာပုံ)ရှိ School of Computing မှ ကွန်ပျူတာ သိပ္ပံဘွဲ့သင်တန်းများ ဖွင့်လှစ်လျက်ရှိပြီး School of Engineering မှ နည်းပညာဆိုင်ရာ အင်ဂျင်နီယာဘွဲ့ B.S.E သင်တန်းများကိုဖွင့်လှစ်သင်ကြားပေးနေသကဲ့သို့ School of Business ကလည်း စီးပွားရေးစီမံခန့်ခွဲမှုနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ B.B.A ဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်သည်။

MCC Training Institute (ရတနာပုံ)တွင် AIT မှ ချီးမြှင့်မည့် B.S.E (Telecommunications, Electronics, Civil and Infrastructure, Information and Communication Technology နှင့် Mechatronics) သင်တန်းများ၏ Foundation သင်တန်းကို ILBC နှင့် ပူးပေါင်းသင်ကြားပေးလျက်ရှိသည်။ Foundation သင်တန်း အောင်မြင်သူများသည် ပထမနှစ်နှင့် ဒုတိယနှစ်ကို MCC Training Institute ၌ တက်ရောက်ရမည်ဖြစ်ပြီး တတိယနှစ်နှင့် စတုတ္ထနှစ်များကို AIT (Main Campus)တွင် သင်ကြားရမည်ဖြစ်သည်။

ယခုအခါ AGTI, GTC Diploma ရရှိပြီးသူများ၊သချ်ာ၊ ရူပဗေဒ တို့ဖြင့် ဘွဲ့ရရှိပြီးသူများ၊ အဝေးသင်တက္ကသိုလ် ဒုတိယနှစ် အောင်မြင်ပြီးသူများအတွက် MCC Training Institute တွင် ဖွင့်လှစ်လျက်ရှိသော AIT ပထမနှစ်သင်တန်းကို တိုက်ရိုက်တက်ရောက်နိုင်ရန် Foundation ခြောက်လသင်တန်းကို MCC Trading Institute ( Yangon Campus) နှင့် (Mandalay Campus) တို့တွင် ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်သည်။

အသေးစိတ်သိရှိလိုပါက Yangon Campus (ရုံးချုပ်) အဆောင် ၃-၄ သိမ်ကြီးဈေး (စီ)ရုံ တတိယထပ် ရွှေတိဂုံဘုရားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၅၇၆၂ နှင့် ၂၄၉၁၅၂၊ Mandalay Campus ဝါးခင်းကုန်းဘုရားလမ်း ၃၅ လမ်း ၅၆×၅၇ကြား ကန်ကောက်ရပ်ကွက် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၉၁၀၃၄၀၆၂၊၀၂-၇၇၉၃၀ နှင့် MCC Training Institute (ရတနာပုံ)၊ Incubation Center-No (3), ရတနာပုံနည်းပညာမြို့သစ် ပြင်ဦးလွင် ဖုန်း-၀၂-၇၈၁၁၂ နှင့် ၀၂-၇၈၁၁၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၇)၊ အမှတ် (၇)တွင် အစိုးရသစ်ဖွဲ့စည်းမှုနှင့် အသွင်ကူးပြောင်းစ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု မျက်နှာဖုံးသုံးသပ် ဆောင်းပါး၊ ပြည်ထောင်စု အစိုးရဝန်ကြီးများစာရင်းနှင့် ကိုယ်ရေးအကျဉ်း အပါအဝင် သတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းများ ရန်ကုန်နှင့်မန္တလေးတွင် တစ်ပြိုင်တည်းချပေးပြီ၊ ရွေးကောက်ပွဲဆိုင်ရာစီမံဆောင်ရွက်မှုများ အဆင်သင့်ဖြစ်စေရန် ကြိုတင်ဆောင်ရွက်၊ ပြည်တွင်းအင်န်ဂျီအိုများ ထောက်ပံ့ကြေးကို မှီခိုမနေဘဲ လူမှုဝန်းကျင်ဆိုင်ရာစီးပွားရေးလုပ်ငန်းများကို ထူထောင်နိုင်မှသာ လူမှုရေးလုပ်ငန်းများ စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်မည်ဟုဆို၊ ထားဝယ်အထူးစက်မှုဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်း ပထမအဆင့်တွင်မြန်မာလူမျိုး ၆၀၀၀ အလုပ်ရမည်ဟုဆို၊ ဘုရင့်နောင်ကုန်စည်ဈေးကွက်၊ မန္တလေးနှင့် မုံရွာကုန်စည်ဈေးကွက်သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ အစိုးရသစ်နှင့် ပြည်သူ့အမြင်အကြောင်း၊ လွတ်လွတ်လပ်လပ်နေရတာကြိုက်လို့ နာမည်မကြီးချင်ဘူး အောင်လနှင့်လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍများ၊ ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

(A/H1N1) ရောဂါသည်မိခင်မှ ကျန်းမာသော ကလေးတစ်ဦး အောင်မြင်စွာမွေးဖွားနိုင်ခဲ့၊ ဟန်လုပ်တတ်သော အမျိုးသားများကို အမျိုးသမီးများ ပိုမိုစိတ်ဝင်စားဟုဆို၊ စင်ကာပူတွင် တရားမဝင်ခိုးဝင် ခိုးထွက်မှုများကို စစ်ဆေးရေးဂိတ်များက ဖမ်းဆီးရမိခဲ့သောအမှု ၁၈မှုရှိခဲ့ မှုခင်းရေးရာကဏ္ဍ၊ မွေးနေ့ရှင် အဆိုအမိန့်၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍနှင့် စီးပွားရေးကဏ္ဍစုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

## ဆုချီးမြှင့်

မင်္ဂလာဒုံမြို့နယ်ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသား (လူသစ်တန်း) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က မင်္ဂလာဒုံ အလက(၄) အားကစားခန်းမ၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးငြိမ်းထွေးက တံခွန်စိုက်ဆုရရှိသည့် ရွှေနံ့သာကျေးရွာ အသင်းအား ဆုများ ချီးမြှင့်စဉ်။ (၀၁၄)

# နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

၂၀၁၁ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီက နေပြည်တော် ဘတ်စကက်ဘော အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်၍ National Fitness အမျိုးသား ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၏ အပန်းဖြေမှုဖြစ်သကဲ့သို့ ပျော်ရွှင်၊ စည်းလုံး၊ ချစ်ခင်မှုရရှိစေရေးနှင့် ဝန်ထမ်းများ တက်ကြွရွှင်လန်းစွာဖြင့် မိမိတာဝန်များကို ပိုမိုထမ်းရွက်နိုင်ရေး စသည့် ပြိုင်ပွဲကျင်းပပေးရခြင်း ရည်ရွယ်ချက် (၃)နှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**အနိုင်ရရှိ**

ထို့နောက် ဖွင့်ပွဲနေ့ ပွဲစဉ်အဖြစ် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက အမှတ် ၁၀၀၊ ၃၉ မှတ်ဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါပြိုင်ပွဲသို့ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ဖေဖော်ဝါရီ ၂၈ ရက်အထိ (တနင်္ဂနွေနေ့)မှအပ နေ့စဉ် နံနက်/ညနေ နှစ်ချိန်ခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၆**

# စာကြည့်တိုက်အဆောက်အအုံသစ် ကျိုင်းတုံမြို့နယ်၌ ဖွင့်

ကျိုင်းတုံမြို့နယ် လွယ်လုံကျေးရွာအုပ်စု ဝမ်ပြန်ကျေးရွာ လင်းလက်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်၊ ခရိုင်ဦးစီးအရာရှိ ဦးခမ်လျန်ဆုမ်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ကျော်မိုးနှင့် လွယ်လုံကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစိုင်းဟောင်ခမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**လှူဒါန်း**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအေးမောင်က ရုပ်မြင်သံကြားပြစက်တစ်လုံးကို ပေးအပ်လှူဒါန်းသည်။ အဆိုပါ စာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ပေ၊ အုတ် အင်္ဂတေခင်း အဆောက်အအုံ ဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

**ကျောက်မဲမြို့နယ် မူကြိုကလေးငယ်များ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျောက်မဲမြို့ မေတ္တာမွန်ခန်းမ၌ ကျင်းပရာ ကျောက်မဲခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လွင်လွင်မော်က ကလေးငယ်တစ်ဦးအား ဆုချီးမြှင့်စဉ်။** (မြန်မာ့အလင်း)

# ပေးအပ်လှူဒါန်း

**ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းသို့ အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ သင်ထောက်ကူပစ္စည်းများနှင့် ငွေပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပရာ ခရိုင် ဥက္ကဋ္ဌ ဦးကျော်သူဇော်က SKY NET၊ TV၊ အထောက်အကူပြုပစ္စည်းများ၊ စာအုပ်စာစောင်များနှင့် စာကြည့်တိုက် ငွေပဒေသာပင် ငွေကျပ်ငါးသောင်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (မြို့နယ် ပြန်/ဆက်)

# နွေရာသီအားကစားသင်တန်းများဖွင့်မည်

***ရန်ကုန် ဖေဖော်ဝါရီ ၁၆***

*အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်မည့် ၂၀၁၁ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများကို နေပြည်တော်၊ ရန်ကုန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသနှင့် လိုက်လျောညီထွေမှုရှိ၍ လူအများစိတ်ပါဝင်စားသော အားကစားနည်းများကို ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်သည်။*

*ရန်ကုန်မြို့တွင် နွေရာသီအားကစားသင်တန်းများကို မတ် ၇ ရက်မှ ဧပြီ ၈ ရက်အထိ (ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ ဂျူဒို၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ သိုင်း၊ ခြင်းလုံး၊ အေရိုးဗစ်၊ တိုက်ကွမ်ဒို၊ ကျွမ်းဘား၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စက်ဘီး၊ တင်းနစ်၊ စစ်တုရင်၊ လှေလှော်၊ ကရာတေးဒို၊ ကာယဗလ/အလှ၊ ရွက်လှေ၊ ဟော်ကီ၊ မြားပစ်၊ ရေကူး၊ ဘေ့စ်ဘော၊ ခရစ်ကက်၊ သေနတ်ပစ်၊ ဂေါက်သီး၊ ဘိလိယက်၊ ဘိုးလင်း) အားကစားနည်း ၃၂ နည်း ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်သည်။*

***ဆက်သွယ်မေးမြန်းနိုင်***

*အဆိုပါ နွေရာသီအားကစားသင်တန်းများသို့ တက်ရောက်သင်ကြားလိုကြသည့် လူငယ်မောင်မယ်များနှင့် အားကစားဝါသနာရှင်များသည် သင်တန်းဝင်ခွင့်ပုံစံများကို မိမိတို့သင်ကြားလိုသည့် အားကစားနည်းအလိုက် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်ရုံးများတွင် လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန လူထုအားကစားနှင့်ပညာပေးဌာနခွဲ (ရန်ကုန်)ကျိုက္ကဆံ အားကစားကွင်း၌ လည်းကောင်း ဆက်သွယ်ရယူနိုင်ကြကြောင်းနှင့် အသေးစိတ်စုံစမ်းလိုပါက ဖုန်း-၄၀၀၄၃၁နှင့် ၄၀၀၈၉၂ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။* ***(သတင်းစဉ်)***

**ကံမမြို့နယ် မြို့ဝင်ဆိုင်းဘုတ်အသစ် ဆောက်လုပ်ရန် မြေနေရာရွေးချယ်ထားမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ဖေဖော်ဝါရီ ၅ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းနိုင် ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

Myanmar Professional Development Centre (MPDC) က ကြီးမှူး၍ ရန်ကုန်မြို့၌ ထိုင်းနိုင်ငံ Assumption University ၏ Master Programs, Double Degree နှင့် Mini MBA Programs များကို မတ်လမှစတင်၍ ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။

Master Programs, Double Degree သင်တန်းတွင် MBA Courses ၁၂ ခုကို ရန်ကုန်မြို့ရှိ Myanmar Professional Development Centre (MPDC Offshore Office of Assumption University) တွင် တက်ရောက် သင်ကြားရမည်ဖြစ်ပြီး အထူးပြုဘာသာရပ် လေးဘာသာကို University of Wollongong, Australia သို့မဟုတ် University of Applie-dsciences Maniz, Germany သို့မဟုတ် London South Bank University, UK တို့တွင် ကြိုက်နှစ်သက်ရာကို ရွေးချယ် တက်ရောက်နိုင်မည် ဖြစ်သည်။ ရွေးချယ်တက်ရောက်နိုင်မည့် အထူးပြု ဘာသာရပ်များမှ MBA + MIB - Master of International Business, MBA + MITM - Master of International Technology Management, MBA + MRM - Master of Retail Management, MBA + MA.IB - Master of Arts International Business နှင့် MBA + MA. Marketing - Master of Arts in Marketing တို့ ဖြစ်သည်။ သင်တန်းကာလမှာ နှစ်နှစ်ခန့်ကြာမြင့်မည် ဖြစ်သည်။

**တက်ရောက်**

Mini MBA သင်တန်းတွင် Concentration Courses အနေဖြင့် Finance, Marketing, General Management, Organization Development (OD), Technology Management (TecM), Information Technology Management (ICT) စသည်တို့ကို ရွေးချယ်တက်ရောက်နိုင်ပြီး Course တစ်ခုတွင် ဘာသာရပ်လေးမျိုး သင်ကြားရမည် ဖြစ်သည်။ သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်ပြီး သင်တန်း ပြီးဆုံးပါက Mini MBA ၌ သင်ယူခဲ့ပြီးဖြစ်သော ဘာသာရပ်လေးခုကို ကင်းလွတ်ခွင့်ဖြင့် MBA သင်တန်းများ၌ ဆက်လက်တက်ရောက်သင်ကြားခွင့်ရမည်ဖြစ်သည်။

အသေးစိတ် အချက်အလက်များကို လှိုင်နယ်မြေ မြန်မာအင်ဖိုတက်ခ် အဆောက်အအုံ အခန်း (၁) အဆောင် (၄) ရှိ Myanmar Professional Development Centre ဖုန်း-၅၀၇၀၄၃ နှင့် ၅၀၇၀၄၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

# သာကေတ၊ တာမွေ၊ ကော့သောင်းနှင့် အေးသာယာမြို့တို့၌ မီးလောင်မှုများဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်မြို့ သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက်အတွင်း ရှုခင်းသာလမ်းရှိ နေအိမ်တစ်အိမ်၌ ဖေဖော်ဝါရီ ၉ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် ဖယောင်းတိုင်မီးမှ တစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် မီးလောင်ချိန် ၁၅ မိနစ်အတွင်း နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ထို့အတူ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲပိုင်းတွင် တာမွေမြို့နယ် မလွကုန်းဒွေးကြွယ် (က) ရပ်ကွက် သမိန်ဗရမ်းလမ်း လဝွန်းအိမ်တံတားအနီး လမ်းဘေးရှိ တရားမဝင် ဓာတ်ဆီဆိုင်တစ်ဆိုင်၌ ဓာတ်ဆီထည့်နေစဉ် မီးလောင်ကျွမ်းမှု ဖြစ်ပွားသဖြင့် ယာယီအမိုးပါ တဲငယ်တစ်လုံးနှင့် ဓာတ်ဆီအနည်းငယ် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၁၀ ရက် ည ၆ နာရီခွဲခန့်တွင် ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် ကမ်းနားလမ်းရှိ နေအိမ်တစ်အိမ်၌ ဝိုင်ယာရှော့မှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းပြီး နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ထို့အပြင် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၀၀ နာရီ ၁၅ မိနစ်ခန့်တွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ စက်မှုဇုန်သံရည်ကျိုစက်ရုံအတွင်း၌ လျှပ်စစ်ဝိုင်ယာရှော့မှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းပြီး အဆောက်အအုံတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**နှိုးဆော်သတိပေး**

ပေါ့ဆမီး၊ လျှပ်စစ်ဝိုင်ယာရှော့မှ တစ်ဆင့် လောင်သောမီးများ ဖြစ်ပွားမှု မရှိစေရေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်စစ်ဆေးခြင်း၊ မီးကြွင်း မီးကျန်များ မကျန်ရှိစေရေး စစ်ဆေးခြင်း ဆောင်ရွက်ကြရန် မီးသတ်ဦးစီးဌာနက မီဒီယာများ၊ သရုပ်ပြပွဲများမှ တစ်ဆင့် နေ့စဉ် နှိုးဆော်သတိပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ဆုချီးမြှင့်

**ရန်ကင်းမြို့နယ် အမက(၅) မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပရာ မြို့နယ်စာစီစာကုံးပြိုင်ပွဲတွင် မြို့နယ်အဆင့် ပထမဆုရ မသက်သက်ဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှ ဆုချီးမြှင့်စဉ်။** (၀၄၃)

# စီးပွားရေးပိတ်ဆို့ဖိအားပေးမှုဟာ နယ်ချဲ့သမားဝေ

# ခေတ်သစ်နယ်ချဲ့စနစ်ရဲ့ ခေတ်သစ်ကိုလိုနီဖန်တီးမှု နည်းဗျူဟာတစ်ခု

၁၉၈၈ ခု အရေးအခင်း ဒီဘက်ပိုင်းမှာ နဝတအစိုးရနဲ့ ဥပဒေတွင်း ဥပဒေပ အစိုးရဆန့်ကျင်ရေးအင်အားစုတွေရဲ့ ပဋိပက္ခမှာ အနောက်အုပ်စု နယ်ချဲ့ လက်ဟောင်းလက်သစ်နိုင်ငံတွေဟာ ဥပဒေတွင်း ဥပဒေပ (သောင်းကျန်းသူများ) အစိုးရဆန့်ကျင်ရေးအင်အားစုတွေကို စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးတို့အရ သွယ်ဝိုက် တိုက်ရိုက် ဖြောင်တစ်မျိုး၊ လျှို့ဝှက်တစ်ဖုံ နည်းမျိုးစုံဖြင့် ထောက်ကူအားပေးခဲ့ကြတယ်။ တစ်ချိန်တည်းမှာပဲ တိုင်းပြည်နဲ့ ပြည်သူတွေ မွဲပြာကျပြီး ၁၉၈၈ ဆူပူအုံကြွမှုကြီးမျိုးတွေ ထပ်မံဖြစ်ပေါ်လာရန် စီးပွားရေး ပိတ်ဆို့ဖိအားပေးမှုတွေကိုလည်း တစ်မျိုးပြီးတစ်မျိုး လုပ်ဆောင်ခဲ့ကြတယ်။ အဓိကရည်ရွယ်ချက်ကတော့ တည်ဆဲအစိုးရပြုတ်ကျပြီး သူတို့ဩဇာခံတွေ အာဏာရရှိရေးအတွက်ဖြစ်တယ်။

သို့သော် မြန်မာနိုင်ငံဟာ လူဦးရေ သန်း ၅၀ ကျော်ရှိတဲ့ အလယ်အလတ်နိုင်ငံတစ်ခုဖြစ်ပြီး ရေမြေရာသီဥတုနဲ့ သယံဇာတပစ္စည်းတွေဟာ ပြည်သူတွေအတွက် စားဝတ်နေရေးကို လုံလောက်အောင် ဖန်တီးဖော်ဆောင်နိုင်လောက်တဲ့ ရုပ်အခြေခံတွေရှိနေတာရယ်၊ နဝတအစိုးရဟာ အာဏာရရှိလာပြီးတာနဲ့ တစ်ပြိုင်နက် ပြည်သူ့အကျိုးနဲ့ ဆန့်ကျင်နေတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ဖျက်သိမ်းပြီး ပြည်သူ့ရုပ်ဘဝ လိုအပ်ချက်အမှန်ဖြစ်တဲ့ ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကို ဖော်ဆောင်ပေးခဲ့တာရယ်၊ လယ်ယာမြေ နိုင်ငံပိုင်လုပ်ထားမှုကြောင့် အတိတ်က မြေရှင်စနစ်ဆိုးအောက်မှာ ပြားပြားမှောက်ပြီး လယ်ပြီးချိန်ရောက်ရင် ကောက်ဆွန်နဲ့ဆန်ကော ပြောနိုင်မှရ ဆိုတဲ့အနေအထားမှာ ရောက်ခဲ့ရတဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းရှိတဲ့ တောင်သူလယ်သမားတွေဟာ မိမိတို့ စိုက်ပျိုးရရှိတဲ့ ကောက်ပဲသီးနှံတွေကို လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့်ရရှိလာတာရယ်၊ အိမ်နီးချင်းနိုင်ငံတွေဆီကို ကောက်ပဲသီးနှံတွေ ဈေးကောင်းကောင်းဖြင့် ရောင်းချလာနိုင်ကြရတာရယ်တို့ကြောင့် တောင်သူလယ်သမားအများစုကြီးဟာ စီးပွားရေးတွေ တိုးတက်လာပြီး ပြည်တွင်းဝယ်လိုအားတွေ တိုးတက်လာတယ်။ ဒါ့ကြောင့် မြို့ပြဒေသတွေဟာ အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းတွေ တိုးတက်ဖြစ်ပေါ်လာပြီး ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်ရေးတွေ တိုးတက်လာမှုကြောင့် ပြည်သူတွေရဲ့ စားဝတ်နေရေး၊ စီးပွားရေးတွေ တိုးတက်လာသလို တောနယ်ကျေးရွာတွေဟာလည်း တိုးတက်စည်ပင်သာယာလာခဲ့တယ်။

ဒီလိုပြောင်းလဲတိုးတက်လာတဲ့ ရုပ်အခြေအနေတွေကို ကာယကံမြောက်တွေ့မြင်သိရှိလာမှုအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့ဟာ အတိုက်အခိုက် ရပ်စဲတဲ့နည်းဖြင့် ငြိမ်းချမ်းရေးရယူလာခဲ့ကြသလို အဖွဲ့ငယ် ၂၀ကျော်ဟာလည်း လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးအပိုင် လဲလှယ်လာခဲ့ကြတဲ့အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့တယ်။

> **တပ်မတော်အစိုးရဟာ ဈေးကွက်စီးပွားရေးပီပြင်စွာ ဖြစ်ပေါ်လာရေးနဲ့ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများကို ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးတို့ကို စီးပွားရေးဦးတည်ချက် လေးရပ်တွင် ချမှတ်ဖော်ဆောင်နေသော်လည်း မိမိတို့ ထုတ်လုပ်တဲ့ ရောင်းကုန်တွေကို ပိတ်ပင်တားဆီးခံရမှာဖြစ်တဲ့အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေဟာ လူသုံးကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုမလုပ်ကြဘဲ ရေနံ၊ ဓာတ်ငွေ့၊ သတ္တုစတဲ့ သယံဇာတ တူးဖော်ရေးလုပ်ငန်းတွေနဲ့ ဟိုတယ်လုပ်ငန်းတွေမှာသာ လာရောက်ရင်းနှီးနေကြတဲ့အတွက် ကုန်ထုတ်လုပ်ငန်းကြီးတွေဟာ ရှိသင့်သလောက် မရှိနိုင် ဖြစ်နေရတယ်။**

ဒီလို ရုပ်အခြေအနေတွေ ပြောင်းလဲတိုးတက်မှုတွေကြောင့် နယ်ချဲ့သမားတွေနဲ့ သူတို့ရဲ့ဩဇာခံတွေ မျှော်လင့်ထားတဲ့ တပ်မတော်အစိုးရပြုတ်ကျပြီး အစိုးရဆန့်ကျင်ရေးဝါဒီတွေ အာဏာရရေးဟာ ရွှေငုံးမင်း အမြီးမျှော်တဲ့ကိန်းဆိုက်ခဲ့ကြရကာ ဥပဒေတွင်း ဥပဒေပ အစိုးရဆန့်ကျင်ရေးအင်အားစုတွေဟာ တစ်နေ့တခြား လူထုထောက်ခံမှု လျော့နည်းကျဆင်းပြီး အင်အားလျော့နည်းကျဆင်းလာတဲ့ ကံကြမ္မာနဲ့ ရင်ဆိုင်လာကြရတယ်။

တစ်ချိန်တည်းမှာ ပြည်သူများရော၊ သဘောထားမှန်တဲ့ ပြည်တွင်း ပြည်ပအဖွဲ့အစည်း၊ အစိုးရများကပါ NLDနဲ့ အနောက်နိုင်ငံကြီးများရဲ့ စီးပွားရေးပိတ်ဆို့ဖိအားပေးမှုဟာ မှားယွင်းကြောင်း သိမြင်လာကာ စီးပွားရေးပိတ်ဆို့ဖိအားပေးမှုကို ဆန့်ကျင်ကန့်ကွက်လာကြတယ်။

ဒါ့ကြောင့် နယ်ချဲ့သမားတွေက သူတို့ရဲ့စီးပွားရေးပိတ်ဆို့ဖိအားပေးမှုဟာ တည်ဆဲအစိုးရရဲ့ ဒီမိုကရေစီရေးဖိနှိပ်ပိတ်ပင်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကြောင့် ဒါတွေ လျော့နည်းပပျောက်အောင် လုပ်ဆောင်ရတာဖြစ်ပါတယ်လို့ပြောပြီး အစိုးရဆန့်ကျင်ရေးဝါဒီတွေကို ထောက်ပံ့မှုတွေပိုလုပ်လာကြတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ထိပါးပျက်ပြားစေတဲ့ မမှန်မကန်အကြံအဖန် လှုပ်ရှားမှုတွေ ကျူးလွန်ကြလို့ ဖမ်းဆီးပိတ်ပင် အရေးယူခဲ့ရမှုတွေကိုလည်း ဒီမိုကရေစီရေး ဖိနှိပ်ချိုးနှိမ်မှုအဖြစ် စဉ်ဆက်မပြတ် ဝါဒဖြန့်ချိလှုံ့ဆော်မှုတွေနဲ့အတူ အစိုးရကို လူ့အခွင့်အရေးချိုးဖောက်မှုဆိုတာတွေနဲ့ စွပ်ချက်တင်ခဲ့တယ်။ လူ့အခွင့်အရေးဆိုတာ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်တယ်လို့ လူ့အခွင့်အရေးကြေညာစာတမ်းမှာ ဖော်ပြထားသော်လည်း ပြည်သူတွေရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စာရိတ္တရေး၊ ကာယဗလ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို လုပ်ဆောင်ဖန်တီးပေးနေတဲ့ တပ်မတော်အစိုးရကို ဘီဘီစီ၊ ဗွီအိုအေတို့က နေ့စဉ်နှင့်အမျှ လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်တွေနဲ့ ဝါဒဖြန့်စွပ်စွဲနေတယ်။

မကြာမီက ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်တားဆီးမိန့်မှ ကင်းလွတ်ခွင့်ပေးခဲ့တာရယ်၊ ၂၀၁၀ ရွေးကောက်ပွဲကျင်းပပေးခဲ့တာရယ်တို့အပေါ် အခြေခံပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ထားမှု ပြန်ရုပ်သိမ်းသင့် မသင့်ဆိုတာ ပြောလာကြသလို အာဆီယံနိုင်ငံတွေကလည်း စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းရန် တောင်းဆိုလာကြတယ်။ ဒီတော့ အမေရိကန်အစိုးရက မြန်မာအစိုးရဟာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဆက်ရှိနေသေးတဲ့အပြင် ၂၀၁၀ ရွေးကောက်ပွဲဟာလည်း ဒီမိုကရေစီအဆင့်အတန်း နိမ့်နေသေးတာကြောင့် စီးပွားရေးပိတ်ဆို့မှုကို မရုပ်သိမ်းသေးဘူးလို့ ပြောလာတယ်။ ပြည်တွင်းက ဩဇာခံတချို့ကလည်း စီးပွားရေးပိတ်ဆို့မှုကြောင့် အထည်ချုပ်စက်ရုံတချို့ ပိတ်လိုက်ရလို့ အလုပ်လက်မဲ့ ဖြစ်သွားကြရှာတဲ့ အလုပ်သမ၊ အလုပ်သမားတွေ မျက်စိရှေ့ထားပြီး စီးပွားရေး ပိတ်ဆို့မှုဟာ ပြည်သူတွေကို မထိခိုက်ဘဲ စစ်အစိုးရနဲ့ နီးစပ်သူတွေကိုသာ ထိခိုက်နစ်နာစေတယ်လို့ ပြောလိုပြော၊ NLD တချို့ကလည်း စီးပွားရေးပိတ်ဆို့ဖိအားပေးမှုဟာ NLD က တောင်းဆိုလို့လုပ်တာမဟုတ်ဘဲ သက်ဆိုင်ရာ တိုင်းပြည်တွေက သူတို့သဘောနဲ့သူတို့ လုပ်တာဖြစ်လို့ NLD က ရုပ်သိမ်းရေးကို ပြောစရာမလိုဘူးဆိုပြီး ဆင်ဝှေ့ရှန်ရှောင် ပြောဆိုမှုတွေ လုပ်နေကြတယ်။

အမှန်အားဖြင့် စီးပွားရေးပိတ်ဆို့ဖိအားပေးမှုဟာ တစ်မျိုးသားလုံး၊ ပြည်သူအားလုံးကို ထိခိုက်နစ်နာစေပါတယ်။ ဘာကြောင့်လဲဆိုတော့ ခေတ်နောက်ကျတိုင်းပြည်တစ်ပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဟာ ဈေးကွက်စီးပွားရေး ဘယ်လောက်ပီပြင်ဖွံ့ဖြိုးပြီး ရောင်းကုန်တွေကို ဘယ်လောက်များများ ထုတ်လုပ်ရောင်းချနိုင်သလဲဆိုတဲ့အပေါ်မှာ မှီတည်နေပါတယ်။

> **တိုင်းပြည်တစ်ပြည်မှာ ဒီမိုကရေစီဖြစ်ပေ**
> **အရေးတွေ တိုးတက်ရရှိလာရေးဟာ ဈေးကွ**
> **သက်ရောက်လာတဲ့ ရလဒ်တွေဖြစ်ပြီး ဒီမိုက**
> **နိမ့်ကျနေမှုဟာ ဆင်းရဲမွဲတေမှုမှ သက်ရောက်**
> **ဆိုတာ ကမ္ဘာပေါ်က ဖွံ့ဖြိုးပြီးနိုင်ငံနဲ့ ဆင်းရဲ**
> **လူ့အခွင့်အရေးကွာခြားချက်တွေက သက်သေ**

မြန်မာနိုင်ငံဟာ ကိုလိုနီကျွန်ဘဝမှာ နှစ်ပေါင်းတစ်ရာကျော်နေခဲ့ရပြီး ဒုတိယကမ္ဘာစစ်နဲ့ ဖက်ဆစ်စနစ်ဒဏ်ကို သုံးနှစ်သုံးမိုး ခံခဲ့ရကာ လွတ်လပ်ရေးနဲ့အတူ ဖြစ်ပေါ်လာတဲ့ ရောင်စုံသောင်းကျန်းမှုတွေကြောင့် အိမ်နီးချင်းနိုင်ငံတွေနဲ့စာရင် နှစ်ပေါင်း ၄၀ ကျော် ခေတ်နောက်ကျကျန်ခဲ့ရတာရယ်၊ ဆိုရှယ်လစ်အယူမှားဖြစ်တဲ့ ဗဟိုချုပ်ကိုင်စီးပွားရေးနဲ့ တစ်ပါတီအုပ်ချုပ်ရေးစနစ်အောက် ၂၆ နှစ် ကျရောက်ခဲ့ရတာရယ်ကြောင့် ဈေးကွက်စီးပွားရေးကို ရှေ့ဆောင်နိုင်တဲ့ အမျိုးသားမနေရှင်လူတန်းစား မရှိသလောက် ဖြစ်ခဲ့ရတယ်။

ဒါ့ကြောင့် မြန်မာနိုင်ငံရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးမှာ ပြည်ပမှ အရင်းအနှီးနဲ့ နည်းပညာတွေလိုအပ်နေပါတယ်။ တပ်မတော်အစိုးရဟာ ဈေးကွက်စီးပွားရေးပီပြင်စွာ ဖြစ်ပေါ်လာရေးနဲ့ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများကိုဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးတို့ကို စီးပွားရေးဦးတည်ချက် လေးရပ်တွင် ချမှတ်ဖော်ဆောင်နေသော်လည်း မိမိတို့ထုတ်လုပ်တဲ့ ရောင်းကုန်တွေကို ပိတ်ပင်တားဆီးခံရမှာဖြစ်တဲ့အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေဟာ လူသုံးကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုမလုပ်ကြဘဲ ရေနံ၊ ဓာတ်ငွေ့၊ သတ္တုစတဲ့ သယံဇာတတူးဖော်ရေး လုပ်ငန်းတွေနဲ့ ဟိုတယ်လုပ်ငန်းတွေမှာသာ လာရောက်ရင်းနှီးနေကြတဲ့အတွက် ကုန်ထုတ်လုပ်ငန်းကြီးတွေဟာ ရှိသင့်သလောက် မရှိနိုင် ဖြစ်နေရတယ်။

တောနေတောင်သူလယ်သမားတွေ ဒီဘက်ခေတ်မှာ စီးပွားတက်သင့်သလောက်တက်လာကြတယ်။ ဒါပေမယ့် လူဦးရေတိုးတက်မှုကလည်း တစ်ပါတည်း မြင့်တက်လာတာကြောင့် စိုက်ရေးပျိုးတာတိုးချဲ့ဖို့ မြေယာသစ်တိုးချဲ့ရေးမှာ အခက်အခဲအချို့ရှိခဲ့တယ်။ ဒါကြောင့် ကျေးလက်နေပြည်သူတွေအတွက် အလုပ်အကိုင်လိုအပ်မှုရှိလာချိန်မှာ တစ်ဖက်က မြို့ပြမှာလည်း ပိတ်ဆို့မှုဒဏ်ကြောင့် စက်ရုံ၊ အလုပ်ရုံတွေ ရှိသင့်သလောက် မရှိနိုင်ခဲ့ဘဲ အလုပ်အကိုင်ရှားပါးမှုနဲ့ ကြုံနေရတယ်။ ဒါကြောင့် တောရောမြို့ပါ အလုပ်လက်မဲ့အချို့ဟာ ပြည်ပအိမ်နီးချင်းနိုင်ငံတွေဆီသွားပြီး အနိမ့်ခံအလုပ်သမားအဖြစ် လုပ်ကိုင်နေကြရတယ်။

ဒါ့အပြင် နို…
ပေးမှု၊ ပြည်သူတွေ…
ပညာတတ်တွေ န…
ကြောင့် အလုပ်လု…
တွေဟာ ပြည်ပနို…
တယ်။ ဒါတွေဟာ…

လည်း နယ်ချဲ့သမ…
စီးပွားရေးနဲ့ ငွေ…
တာဖြစ်တယ်လို့ …
စွပ်စွဲနေကြတယ်။

အမှန်ကတော…
ဖွံ့ဖြိုးတိုးတက်ရေး…
အားလုံး၊ တစ်မျိုး…

သို့သော် သူ…
ပိုဆိုးတယ်ဆိုတဲ့ …
လုပ်ငန်းရှင်တွေက…
ပြောလျှင် ဆင်ကေ…
အလုပ်ရုံစက်ရုံတွေ…
သမားတွေကတော့…
သည်အထိ ဒုက္ခ…

တိုင်းပြည်…
**အရေးတွေ တိုး…**
**သက်ရောက်လာ…**
**နိမ့်ကျနေမှုဟာ …**
**ဆိုတာ ကမ္ဘာပေါ်…**
**လူ့အခွင့်အရေး ကွ…**

**အမှန်ကတော…**
**ဆင်းရဲမွဲတေအော…**
**စေကာ မိမိတို့…**
**ဩဇာခံတိုင်းပြည်…**
**နေရတဲ့ တိုင်းပြည်…**

ဒါ့ကြောင့် …
ခေတ်သစ်ကိုလိုနီ…

# ...ပ်ခဲ့သမားတွေရဲ့ ...ည်းဗျူဟာတစ်ခုသာဖြစ်တယ်

## ကျော်မြင့်နိုင်

...လိုပြော၊ NLD တချို့ကလည်း
... တောင်းဆိုလို့လုပ်တာမဟုတ်ဘဲ
...ကနဲ့သူတို့ လုပ်တာဖြစ်လို့ NLD
...း ဆင်ဝှေ့ရန်ရှောင် ပြောဆိုမှုတွေ

**...အားပေးမှုဟာ တစ်မျိုးသားလုံး၊
...ယ်။ ဘာကြောင့်လဲဆိုတော့ ခေတ်
...ဖြိုးတိုးတက်ရေးဟာ ဈေးကွက်
...ရောင်းကုန်တွေကို ဘယ်လောက်
...ခပေါ်မှာ မှီတည်နေပါတယ်။**

ဒါ့အပြင် နိုင်ငံတော်အစိုးရရဲ့ ပညာရေးအခြေခံတွေ တိုးချဲ့တည်ဆောက်ပေးမှု၊ ပြည်သူတွေ စီးပွားရေးတိုးတက်လာမှုတွေကြောင့် တောရွာမြို့ပါ ဘွဲ့ရ ပညာတတ်တွေ နှစ်စဉ်ပေါ်ထွက် တိုးများလာနေသော်လည်း ပိတ်ဆို့မှုတွေကြောင့် အလုပ်လုပ်စရာရှိသင့်သလောက် မရှိကြတာကြောင့် ဘွဲ့ရပညာတတ်တွေဟာ ပြည်ပနိုင်ငံတွေသွားပြီး ဘွဲ့နဲ့မလျော်ညီတဲ့အလုပ်တွေ လုပ်နေကြရတယ်။ ဒါတွေဟာ စီးပွားရေးပိတ်ဆို့မှုမှ သက်ရောက်လာမှုတွေဖြစ်ခဲ့သော်

**...ပြည်မှာ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေးနဲ့ လူ့အခွင့်
...က်ရရှိလာရေးဟာ ဈေးကွက်စီးပွားရေး ပီပြင်ဖွံ့ဖြိုးမှုမှ
... ရလဒ်တွေဖြစ်ပြီး ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ
...င်းရဲမွဲတေမှုမှ သက်ရောက်လာတဲ့ ရလဒ်တွေဖြစ်တယ်
... ဖွံ့ဖြိုးပြီးနိုင်ငံနဲ့ ဆင်းရဲတဲ့နိုင်ငံတွေရဲ့ ဒီမိုကရေစီနဲ့
...ခြားချက်တွေက သက်သေပြနေပါတယ်။**

... နှစ်ပေါင်းတစ်ရာကျော်နေခဲ့ရပြီး
...ုံးနှစ်သုံးမိုး ခံခဲ့ရကာ လွတ်လပ်
...င်းကျန်းမှုတွေကြောင့် အိမ်နီးချင်း
...ခေတ်နောက်ကျကျန်ခဲ့ရတာရယ်၊
...းပွားရေးနဲ့ တစ်ပါတီအုပ်ချုပ်ရေး
...ယ်ကြောင့် ဈေးကွက်စီးပွားရေးကို
...န်းစား မရှိသလောက် ဖြစ်ခဲ့ရ

**...းတိုးတက်ရေးမှာ ပြည်ပမှ အရင်း
...တပ်မတော်အစိုးရဟာ ဈေးကွက်
...ည်တွင်းပြည်ပမှ အတတ်ပညာနှင့်
...ဖြိုးတိုးတက်အောင် တည်ဆောက်
...ပ်တွင် ချမှတ်ဖော်ဆောင်နေသော်
...ကို ပိတ်ပင်တားဆီးခံရမှာဖြစ်တဲ့
...းကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ
...သတ္တုစတဲ့ သယံဇာတတူးဖော်ရေး
...လာရောက်ရင်းနှီးနေကြတဲ့အတွက်
...ဟာက် မရှိနိုင် ဖြစ်နေရတယ်။**

...ဒီဘက်ခေတ်မှာ စီးပွားတက်သင့်
...ဦးရေတိုးတက်မှုကလည်း တစ်ပါ
...တာတိုးချဲ့ဖို့ မြေယာသစ်တိုးချဲ့ရေး
...ကျေးလက်နေပြည်သူတွေအတွက်
...က်က မြို့ပြမှာလည်း ပိတ်ဆို့မှု
...လောက် မရှိနိုင်ခဲ့ဘဲ အလုပ်အကိုင်
...ကရောမြို့ပါ အလုပ်လက်မဲ့အချို့
...နိမ့်ခံအလုပ်သမားအဖြစ် လုပ်ကိုင်

လည်း နယ်ချဲ့သမားတွေနဲ့ အစိုးရဆန့်ကျင်ရေးဝါဒီတွေကတော့ စစ်အစိုးရရဲ့ စီးပွားရေးနဲ့ ငွေကြေးစီမံခန့်ခွဲမှုနားမလည်၍ တိုင်းပြည်စီးပွားရေး မတိုးတက်တာဖြစ်တယ်လို့ ထုံးစံအတိုင်း ဖြစ်သမျှဆိုးကျိုး တပ်မတော်အစိုးရကို ပုံချစွပ်စွဲနေကြတယ်။

အမှန်ကတော့ စီးပွားရေးပိတ်ဆို့ဖိအားပေးမှုဟာ တိုင်းပြည်ရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို တားဆီးပိတ်ပင်ထားတဲ့လုပ်ရပ်ဖြစ်တဲ့အတွက် ပြည်သူအားလုံး၊ တစ်မျိုးသားလုံးကို ထိခိုက်နစ်နာစေပါတယ်။

သို့သော် သူဌေးသဘော်ပျက်တာထက် သူတောင်းစား ခွက်ပျောက်တာက ပိုဆိုးတယ်ဆိုတဲ့ စကားပုံလို အစိုးရနဲ့နီးစပ်သူအဖြစ် စွပ်စွဲနေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို ထိခိုက်နစ်နာစေမှုကတော့ မန်လည်ဆရာတော်စကားနဲ့ ပြောလျှင် ဆင်ကောင်ကို ခြင်ကောင်ဝါးသလောက်သာ အကျိုးသက်ရောက်ပြီး အလုပ်ရုံစက်ရုံတွေ ပိတ်လိုက်ရလို့ အလုပ်ပြုတ်သွားတဲ့ အလုပ်သမ၊ အလုပ်သမားတွေကတော့ သူတောင်းစားခွက်ပျောက်တဲ့ကိန်း ကြုံကြရကာ ဘဝပျက်သည်အထိ ဒုက္ခရောက်သူ ရောက်ကြရှာတယ်။

တိုင်းပြည်တစ်ပြည်မှာ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေးနဲ့ လူ့အခွင့်အရေးတွေ တိုးတက်ရရှိလာရေးဟာ ဈေးကွက်စီးပွားရေး ပီပြင်ဖွံ့ဖြိုးမှုမှ သက်ရောက်လာတဲ့ ရလဒ်တွေဖြစ်ပြီး ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ နိမ့်ကျနေမှုဟာ ဆင်းရဲမွဲတေမှုမှ သက်ရောက်လာတဲ့ ရလဒ်တွေဖြစ်တယ်ဆိုတာ ကမ္ဘာပေါ်က ဖွံ့ဖြိုးပြီးနိုင်ငံနဲ့ ဆင်းရဲတဲ့နိုင်ငံတွေရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ကွာခြားချက်တွေက သက်သေပြနေပါတယ်။

**အမှန်ကတော့ စီးပွားရေးပိတ်ဆို့မှုဟာ တိုင်းပြည်နဲ့ ပြည်သူတွေကို ဆင်းရဲမွဲတေအောင် ဖန်တီးပြီး တည်ဆဲအစိုးရကို ဆူပူအုံကြွမှုတွေနဲ့ ပြုတ်ကျစေကာ မိမိတို့ဩဇာခံတွေ အာဏာရရေးနဲ့ ဆင်းရဲမွဲတေမှုကြောင့် အဲဒီဩဇာခံတိုင်းပြည်ဟာ မိမိတို့အပေါ် စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးတို့အရ မှီခိုနေရတဲ့ တိုင်းပြည်ဖြစ်အောင် လုပ်ဆောင်တဲ့လုပ်ရပ်တစ်ခုသာ ဖြစ်ပါတယ်။**

ဒါ့ကြောင့် စီးပွားရေးပိတ်ဆို့ဖိအားပေးမှုဟာ ခေတ်သစ် နယ်ချဲ့စနစ်ရဲ့ ခေတ်သစ်ကိုလိုနီဖန်တီးမှု နည်းဗျူဟာတစ်ခုသာ ဧကန်ဖြစ်ပါတယ်။ ။

## ပုလဲမြို့နယ်၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာအုပ်စု အိုင်းမကျေးရွာ ပညာ့အလင်း စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီတွင် အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မင်းတိုင်ပင်ရုံးခွဲဦးစီးမှူး ဦးမြင့်ဇော်၊ မင်းတိုင်ပင်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်တင့်နှင့် အိုင်းမကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

### ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်ထွန်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းမြင့်က စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေး ရေရှည်တည်တံ့ရေးကို ဆွေးနွေးမှာကြားသည်။

### လှူဒါန်း

ဆက်လက်ပြီး မင်းတိုင်ပင်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်တင့်နှင့်ဇနီး ဒေါ်ခင်ဝင်းတာ မိသားစုက စာအုပ်ဗီရို တစ်လုံး၊ မြို့နယ်ဦးစီးမှူး ဦးဆန်းမြင့်က သုတရသ စာအုပ် ၇၀တို့ကို လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်ဇင်မာဝေက လက်ခံကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## တောင်ပိုင်းစွန်းဒေသများ၌ မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**ဖေဖော်ဝါရီ ၁၇ ရက် ညနေအထိခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

## လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု

(က) ဟောင်းနွမ်းနေသည့် လျှပ်စစ်မီးကြိုးများကို လဲလှယ်ပေးပါ။
(ခ) လျှပ်စစ်ဒဏ်ခံကြိုးကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
(ဂ) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
(ဃ) လျှပ်စစ်ဝိုင်ယာရှော့ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး၊ ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ် ငြိမ်းသတ်ပါ။
(င) လျှပ်စစ်ဓာတ်အားကို ခံနိုင်အားထက် ပိုမသုံးပါနှင့်။
(စ) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

(မီးသတ်ဦးစီးဌာန)

## လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး တာချီလိတ်မြို့၌ သင်တန်းဖွင့်

***တာချီလိတ် ဖေဖော်ဝါရီ ၁၆***

*တာချီလိတ်မြို့နယ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ (ဆင့်ပွား) သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက ခရိုင်မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက လုပ်ငန်းဆောင်ရွက်ရမည့် အစီအစဉ်များကို ဆွေးနွေးမှာကြားပြီး တာချီလိတ်မြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးရဲရင့်ထွန်းနှင့် လက်ထောက်ဦးစီးမှူး ဦးရွှေတိုးတို့က လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ မေးခွန်းလွှာပုံစံများနှင့် မေးမြန်းကောက်ယူရေးသွင်းနည်းများကို ရှင်းလင်းပြောကြားသည်။ ယင်းသင်တန်းကို တာချီလိတ်မြို့နယ် အတွင်းမှ မြေစာရင်း ဝန်ထမ်း ၁၉ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။* ***(မြို့နယ်မြေစာရင်း)***

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၇-၂-၂၀၁၁ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **အနန္တဂုဏ်ရည်နှင့် ရတနာ့ဂုဏ်အကျိုးပြ** တရားတော် (မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
၆:၄၀ မုဒုံမြို့၏ သာသနာ့ဂုဏ်ရည်.... ကန်တော်ဦးမှ မြတ်စေတီ
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၇)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၄)
၈:၄၀ Emperor Love Concert (Part-3)
၉:၂၀ အောင်သမာဓိ စိန်ရွှေရတနာဆိုင်မှ ကြီးမှူးဖွင့်လှစ်သော ရွှေပညာ အခမဲ့သင်တန်း အမှတ်စဉ်(၇)
၉:၃၅ Science For All **ကမ္ဘာမြေကို ကယ်တင်ကြစို့** (အပိုင်း-၂) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၉:၅၅ Activities in the City [အမက(၁၂)မြောက်ဥက္ကလာ မြတ်ဆရာပူဇော်ပွဲ]
၁၀:၁၀ **ကိုစိန်နှင့် ကိုယ်ဝန်ဆောင်မိခင်** စံလင်း၊ မျောက်ရှုံး၊ အေးအေးခိုင်၊ အေးသီတာ [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁၀:၁၅ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ အရသာချိုချို ရေခဲမုန့်ပြုလုပ်နည်း
၁၀:၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၅၅ The Champion of Dance
၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၅ ဖန်တီးသူ၏ ပညာစွမ်းမှသည်.... လှပသောဘဝများဆီသို့
၁၂:၃၀ Best Paintings of the year 2010
၁:၀၀ **အနန္တဂုဏ်ရည်နှင့် ရတနာ့ဂုဏ်အကျိုးပြ** တရားတော် (မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ Style ရှိမှ Star ဖြစ်မယ်
၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၇)
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၄)
၄:၄၅ Activities in the City (Silkpro Shampoo & Silkbath မိတ်ဆက်ပွဲ အခမ်းအနားနှင့် အထူးဈေးရောင်းပွဲတော်)
၅:၀၀ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေမှာ KOICA ၏ စေတနာ
၅:၂၀ ဓာတ်ပုံထဲမှ အမှတ်တရများ **ပန်းဖြူ**
၅:၅၀ ရန်ကုန်မြင်ကွင်းကျယ် (Electronic Music Festival 2011)
၆:၀၀ MRTV-4 သတင်း
၆:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Software and Solution Exhibition)
၆:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၈)
၇:၂၀ Emperor Love Concert (Part-4)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ဒူးခေါင်းအဆစ်ရောင်ရမ်းခြင်း ရောဂါဆိုင်ရာအကြောင်း ဟောပြောဆွေးနွေးပွဲ
၈:၄၀ စကားနပန်း **မနာလိုဖြစ်တာ ကောင်းတယ်၊ မနာလိုမဖြစ်တာ ကောင်းတယ်**
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၅)
၁၀:၁၀ **အားကစားမြင်ကွင်းစုံ** မင်းဦး၊ ထွန်းထွန်းဝင်း (ရတနာပုံနှင့် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း)၊ ဝေမင်းမောင်
၁၀:၄၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ ဟော့ရှော့-၃
၁၁:၀၅ ဂီတသရုပ်ပြခန်း မင်းထက်မောင်မောင်
၁၁:၃၀ အနုပညာမိုးကောင်းကင်
၁၁:၅၀ ဒစ်ဂျစ်တယ်ကတ္တားအစ စီထွာက
၁၂:၁၀ သင်ယူလေ့လာဂီတပညာ (Compound Chords) (Part-10)
၁၂:၂၅ မြန်မာစာ၊ မြန်မာစကား
၁၂:၄၀ Shooting Location (မျက်ခြယ်ခြီ)
၁:၀၅ စက္ကူလွှင့်လွှင့် ပန်းယဉ်ယဉ် အလှဆင်စေချင်
၁:၁၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ပန်းရောင်နှင့် ရွှေရောင်ပုလဲ)
၁:၃၀ ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်မှုအန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
၁:၅၅ ဘဝများ (ဆုပန်ထွာ)
၂:၂၀ ဖွံ့ဖြိုးဝေဆာ သပြေတန်းရွာ ခြွေလှေ့စက် လက်မှုပညာ
၂:၃၀ စက်မှုစီးပွား ထုတ်ကုန်အား (Myanmar Marin)
၂:၅၅ မြိုင်ရာဇာတွတ်ပီနှင့် အနောဖလီ
၃:၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄:၀၅ လင်းလက်တောက်ပ မီးဆိုင်းအလှ
၄:၂၀ ပါရမီတက္ကစီ စွမ်းဆောင်အား ပြည်သူများအတွက် အလေးထား
၄:၄၀ ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
၅:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

ကျန်းမာရေးသုတ အင်တာဗျူး ကျန်းမာရေးသုတ အင်တာဗျူး ကျန်းမာရေးသုတ အင်တာဗျူး

# စီပိုးရှိသူတွေ စနစ်တကျကုသရင် ပျောက်နိုင်ပါတယ်

➤ ➤ အမေး/အရေး–မောင်မောင်မြင့်ဆွေ ≺ ≺

➤ ➤ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း) ≺ ≺

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ယနေ့အချိန်အခါတွင် ကူးစက်ရောဂါအမျိုးမျိုးဖြစ်ပွားမှု များပြားလာလျက်ရှိသည်။ အထူးသဖြင့် ကူးစက်ရောဂါများသည် အနေအထားမျိုးစုံမှ ပျံ့နှံ့ကူးစက်မှုများဖြစ်ပွားလျက်ရှိရာ ပြည်သူများအနေဖြင့် ကျန်းမာရေးသတိဖြင့် နေထိုင်ကြရန် လိုအပ်လေသည်။

ကူးစက်ရောဂါများအနက် အသည်းရောင်အသားဝါစီပိုး ကူးစက်မှုနှင့် ကုသနိုင်မှုဆိုင်ရာများကို အသည်းအထူးကုသမားတော်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းနှင့် မြန်မာ့အလင်းသတင်းအဖွဲ့ တွေ့ဆုံမေးမြန်းခဲ့ရာ စီပိုးအကြောင်း သိကောင်းစရာများကို ဖော်ပြလိုက်ပါသည်။

မေး။ ။ **စီပိုးရောဂါကူးစက်နိုင်မှုအခြေအနေတွေကို သိပါရစေ။**

ဖြေ။ ။ အရှင်းဆုံးပြောရရင်တော့ သွေးကတစ်ဆင့် ကူးစက်တတ်တာပေါ့။ မိသားစု တစ်အိမ်ထောင်တည်း အတူတကွနေထိုင်ရင် မကူးပါဘူး၊ တစ်ဦးနဲ့တစ်ဦး ထိတွေ့မှုတွေကတစ်ဆင့်လည်း မကူးပါဘူး။ မိခင်မှ ကလေးသို့လည်း ကူးစက်ဖို့ ခဲယဉ်းပါတယ်။ ဒါပေမယ့် စီပိုးရှိတဲ့ သွေးကိုသွင်းမိရင်၊ စီပိုးပါတဲ့ ကိရိယာတွေနဲ့ ဖောက်မိ၊ ခြစ်မိရင် ကူးစက်တတ်ပါတယ်။ ဥပမာ–သွားနုတ်တာ၊ နားဖောက်တာနဲ့ ဆေးမင်ကြောင်ထိုးတာတွေ သတိထားရမှာပါ။ မိသားစုဝင်တွေ မတော်တဆ ထိခိုက်မိလို့ သွေးထွက်ရင် အလျင်စလို သွေးနဲ့မထိမိဖို့ လိုအပ်ပါတယ်။

မေး။ ။ **စီပိုးကာကွယ်ဆေး ရှိပါသလား၊ စီပိုးဝင်၊ မဝင် ဘယ်လိုသိနိုင်ပါသလဲ။**

ဖြေ။ ။ စီပိုးကာကွယ်ဆေးတော့ ဒီနေ့အထိ မပေါ်သေးဘူး။ စီပိုးဝင်ရင်လည်း ၁၀ နှစ် ၁၅ နှစ်လောက်မှ သိရတာပါ။ ၁၀ နှစ်




**ဘေးအန္တရာယ်ကင်းရှင်းပြီး မည်သည့်ဗိုင်းရပ်စ်ပိုးမျှ မဝင်ရောက်သည့် အသည်းကို ဤသို့တွေ့ရသည်။**

အတွင်းမှာတော့ ရောဂါလက္ခဏာ မပေါ်ပါဘူး။ စီပိုးရှိပြီလို့ လက္ခဏာပြရင်တော့ အသည်းခြောက်တာတို့၊ အသည်းကင်ဆာတို့ ဖြစ်ပြီပေါ့။ ဓာတ်မှန်၊ အက်ထရာဆောင်းတို့ ရိုက်ကြည့်တဲ့အခါ အသည်းမှာ အမြှုပ်ထနေတာတွေ တွေ့ရပြီ။ ဒါပေမယ့် ၁၀ နှစ်အတွင်းမှာ လူကောင်းပကတိလို နေထိုင်သွားလာ၊ လုပ်ကိုင်၊ စားသောက်နိုင်တာမို့ လူတွေအတွက် များများ မသိရှိနိုင်ကြတာပါပဲ။

မေး။ ။ **စီပိုး ရှိမရှိ စစ်ဆေးကြည့်ရင်တော့ သိနိုင်တာပေါ့နော်။**

ဖြေ။ ။ မှန်ပါတယ်။ စီပိုး ရှိမရှိ သေသေချာချာ စစ်ဆေးရမှာပါ။ Anti-HCV ဆိုတာ စီပိုး မဟုတ်ပါဘူး။ HCV RNA ဆိုတာက စီပိုးဖြစ်ပါတယ်။ ပိုးမတွေ့တဲ့ သူကတော့ ကုသဖို့မလိုဘူး။ စီပိုးရှိတဲ့၊ စီပိုးတွေ့တဲ့သူတွေကတော့ ပိုးကောင်ရေကို စစ်ဆေးရမယ်။ စီပိုးကောင်ရေဟာ ၃၂၀၀ အောက် ရှိနေတယ်ဆိုရင် ကုသဖို့မလိုပါဘူး။ ဒါပေမယ့် တစ်နှစ်တစ်ကြိမ် စစ်ဆေးရမှာဖြစ်ပါတယ်။ စီပိုးကောင်ရေ ၃၂၀၀ အထက် များနေတဲ့ သူတွေကတော့ စီပိုးအမျိုးအစားကို ထပ်မံစစ်ဆေးရမှာ ဖြစ်ပြီး အမျိုးအစားခွဲခြားပြီးမှ ဆေးကုသလို့ရမှာ ဖြစ်ပါတယ်။

မေး။ ။ **စီပိုးအမျိုးအစားက ဘယ်နှမျိုးလောက် ရှိပါသလဲ။ စီပိုးရှိသူကို ကုသလို့ကော ရပါသလား၊ ရှင်းပြပေးပါဦး။**

ဖြေ။ ။ နိုင်ငံတကာက သတ်မှတ်ထားတဲ့အတိုင်း စီပိုးအမျိုးအစားက ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ ဆိုပြီး ဂဏန်း နံပါတ်အလိုက် ရှိပါတယ်။ စီပိုးသေဆေးလည်းရှိတာမို့ ကုသရင် ပျောက်ကင်းတာပေါ့။

**"စီပိုးဟာ ကုသလို့ရတာ သိစေချင်ပါတယ်"**
ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်း။

စီပိုးသေဆေးမရှိဘူး။ ကုသလို့မရဘူးဆိုတာ မှားယွင်းနေပါတယ်။ စီပိုးရှိတဲ့ လူတိုင်းကို ပိုးပျောက်အောင် ပိုးသေဆေးနဲ့ ကုသနိုင်ပါတယ်။

မေး။ ။ **ဘယ်လိုဆေးတွေနဲ့ ဘယ်လိုကုသလို့ ရနိုင်မလဲ သိပါရစေ။**

ဖြေ။ ။ အင်တာဖရွန် ထိုးဆေးနဲ့ ရီဘာဗရင်း စားဆေးတွေနဲ့ ကုသရင် ပျောက်ကင်းပါတယ်။ အင်တာဖရွန်မှာ နှစ်မျိုးရှိပြီး ရိုးရိုးအင်တာဖရွန်နဲ့ ပက်အင်တာဖရွန်ဖြစ်တယ်။ ရီဘာဗရင်းကတော့ တစ်မျိုးတည်းပါပဲ။ အင်တာဖရွန်ထိုးဆေးနဲ့ ရီဘာဗရင်း စားဆေးကိုတွဲပြီး စီပိုးသေအောင်ကုသတာ ဖြစ်ပါတယ်။ စီပိုးကုသစရာ အခြားနည်းလမ်း မရှိပါဘူး။

မေး။ ။ **စီပိုးသေဆေးကြောင့် နေထိုင်ရတာ ဘယ်လိုထိခိုက်နိုင်သလဲဆိုတာ ပြောပြပေးပါဦး။**

ဖြေ။ ။ စီပိုးသေဆေးနဲ့ ကုသခံနေရတဲ့သူတွေဟာ ပုံမှန် အလုပ်လုပ်နိုင်စွမ်းရှိပါတယ်။ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိတ်ဆွေ စတဲ့သူတွေနဲ့လည်းပုံမှန်အတိုင်းပြောဆိုဆက်ဆံနိုင်ပါတယ်။ နေ့စဉ်ပုံမှန် ကျန်းမာရေးလေ့ကျင့်ခန်းတွေလည်း လုပ်နိုင်တဲ့အပြင် ဇနီး၊ ခင်ပွန်းအိမ်ထောင်ရေးဆက်ဆံမှုလည်း ပြုလုပ်နိုင်ပါတယ်။ ဒါပေမယ့် စီပိုးသေဆေးကုသတဲ့လူတွေမှာ ရတတ်တဲ့ရောဂါတွေလည်း ရှိပါတယ်။ အဲဒါတွေကတော့ ထိပ်ကပ်နာ၊ လည်ချောင်းရောင်၊ သွားဖုံးရောင်၊ နားပြည်ယို၊ အဆုတ်ရောင်၊ ဆီးပိုးဝင်၊ အနာပဆုပ်တွေပါပဲ။ ဒါကြောင့် စီပိုးသေဆေးထိုးရင် မခံနိုင်ဘူး၊ သိပ်ဆိုးတယ်၊ သွားမလုပ်နဲ့ ဆိုတဲ့ စကားတွေကို မယုံပါနဲ့၊ မကြောက်ပါနဲ့ ပုံမှန်ကုသမှုသာခံယူပါ။ ကျန်းမာရေးအသိ၊ ကျန်းမာရေး ဗဟုသုတရှိကြဖို့ လိုအပ်ပါတယ်။

မေး။ ။ **စီပိုးနဲ့ ပတ်သက်ပြီး ဆရာဝန်ကြီးရဲ့ အကြံပြုစကားလေး ပြောပြပေးပါဦး။**

ဖြေ။ ။ စီပိုးမဝင်အောင် သတိထားဆင်ခြင်နေထိုင်ပါ။ စီပိုးဝင်တဲ့သူတွေလည်း အရမ်းမကြောက်ကြပါနဲ့။ စနစ်တကျ စစ်ဆေးကုသရင် ပျောက်ကင်းနိုင်ပါတယ်။ အခုခေတ်မှာ အစွမ်းထက်တဲ့ ဆေးဝါးတွေ၊ စနစ်တကျကုသမှုတွေ ရှိနေပါပြီဆိုတာ အကြံပြုချင်ပါတယ်ဟု အသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက ဖြေကြားသွားပါကြောင်း တွေ့ဆုံမေးမြန်း ရေးသားလိုက်ပါသည်။ ။**(မြန်မာ့အလင်း)**

**စီပိုးရောဂါကြောင့် အသည်းခြောက်နေပုံကို ဤသို့တွေ့ရသည်။**

**ဖေဖော်ဝါရီ ၁၂ ရက်က လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း ၂၀၁၀–၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပရာ သတ္တမတန်းတွင် ထူးချွန်ဆုပေါင်း ကိုးဆုရရှိသော မခွေယွန်းနန္ဒီအား အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက ဆုချီးမြှင့်စဉ်။** (ပညာရေး)

**ကလေးမြို့နယ် အောင်သုတလမ်းဆုံ တြိဂံကျွန်းပြုလုပ်ခြင်းနှင့် မြေယာရှင်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၇ ရက်က အမှုဆောင်အရာရှိ ဦးဇော်ခင် ကွင်းဆင်းကြီးကြပ်စဉ်။** (မြို့နယ်စည်ပင်)

## ပြည်ထောင်စုနေ့အခမ်းအနား စလင်းမြို့၌ကျင်းပ

**စလင်း ဖေဖော်ဝါရီ ၁၆**

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့ အထက အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်းက ဖတ်ကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် တာဝန်ရှိသူများက စာစီစာကုံးနှင့် ဘာသာရပ်အလိုက် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဌေးလွင်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒါးကကျေးရွာ အရန်မီးသတ်တပ်ခွဲမှူး ဦးခင်မောင်လွင်၊ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၁ ရက်တွင် ဒါးကကျေးရွာအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်စဉ်။** (မြို့နယ်မီးသတ်)

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၇၂ခုနှစ်၊ တပို့တွဲလဆန်း ၁၄ရက် (အဖိတ်နေ့)**
**၁၇–၂–၂၀၁၁ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊စိုင်းညီမင်း၊ တေးရေး–ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၂၅ ၈။ အကပဒေသာ
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၃၀ ၄။ အတီးပြိုင်ပွဲ
၄:၄၀ ၅။ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ(ဇီဝဗေဒဘာသာရပ်)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၇။ **လူငယ်နှင့်ဆေးလိပ်အန္တရာယ်**
၅:၂၀ ၈။ သက်တံရောင်သံစဉ်
၅:၄၅ ၉။ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ**(အပိုင်း–၄၂) နန်းဆုရတီစိုး၊ယုဇနဗိုလ်မြင့်၊ ရွှေပန်းချီ၊ကိုလင်း၊ကိုရဲ၊စိုပြေ (ဒါရိုက်တာ–အောင်ကျော်သူရ)
၆:၄၀ ၁၃။ ထူးဆန်းထွေလာများကိုသိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ)(အပိုင်း–၁၁)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **အစာလည်းဆေး၊ ဆေးလည်းအစာ** (အပိုင်း–၁၄)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ**(အပိုင်း–၂၈)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း–၃၇)

## လာရောက်တွေ့ဆုံ

**ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CASC (China Aero Space Company) Vice President Mr. Yuan Jia Jun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)

# နေပြည်တော်ရှိ ဆက်သွယ်ရေးစက်ခန်းများ ဝန်ကြီး ဦးသိန်းဇော် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဒုတိယဝန်ကြီး ဦးသိန်းထွန်းနှင့်အတူ ယနေ့တွင် နေပြည်တော်ရှိ အော်တိုအိတ်ချိန်း၌ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ အော်တိုအိတ်ချိန်း စက်ခန်းနှင့် ရုံးချုပ်အခြေစိုက်မိုဘိုင်းဆက်သွယ်ရေးစခန်း စက်ခန်းအတွင်း ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်စေရေး အထူးဂရုပြု ကိုင်တွယ်ဆောင်ရွက်သွားရန် မှာကြားသည်။ ထို့နောက် Network Control & Management Center၊ သတင်းအချက်အလက်နှင့်နည်းပညာစက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆက်သွယ်မှုကွန်ရက်များ ပိုမိုကောင်းမွန်စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် အော်တိုအိတ်ချိန်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် နေပြည်တော် ဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက် ကောင်းမွန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး မိုဘိုင်းစနစ်များ အရည်အသွေးပြည့်မီစွာဖြင့် ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် စက်ပစ္စည်းများ ထပ်မံတိုးချဲ့သွားရန်နှင့် လိုအပ်သည်များကို ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ဆွေးနွေး

ဝန်ကြီးအား ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CASC (China Aero Space Company) Vice President Mr. Yuan Jia Jun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆက်သွယ်ရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ မြန်မာမြားပစ်အဖွဲ့ ယှဉ်ပြိုင်ရန် ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဖေဖော်ဝါရီ ၁၇ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် ၂၀၁၁ ခုနှစ် ပထမအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ) ဦးဆောင်သည့် မြန်မာမြားပစ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**(အပေါ်ပုံ)**

### ပါဝင်ကြ

မြန်မာမြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)၊ အုပ်ချုပ်သူအဖြစ် ဦးသန်းကြိုင်၊ အဖွဲ့အတွင်းရေးမှူးအဖြစ် ဦးသိန်းသန်းနိုင်၊ နည်းပြချုပ်အဖြစ် Mr. Lee Sang Bong၊ လက်ထောက်နည်းပြများအဖြစ် ဦးအောင်သူရနှင့် ဒေါ်သီသီဝင်း၊ အားကစားသမားများအဖြစ် Compound အမျိုးသား-ရဲမင်းဆွေ၊ အောင်ခြိမ့်ဘော်၊ စောမြကျော်သူ၊ ပိုင်မြတ်သူ၊ ဇာနည်ထက်၊ အမျိုးသမီး- အောင်ငိုမ်း၊ တင်ဇင်အိ၊ ယောစိမ်းယ၊ မြတ်သန္တာ၊ သဉ္ဇာအောင်၊ Recurve အမျိုးသား- ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ ရန်အောင်စိုး၊ နန်းအောင်၊ အောင်မျိုးသူ၊ အမျိုးသမီး- သင်းသင်းခိုင်၊ စန်းယုထွေး၊ ယုနန္ဒာအောင်နှင့် လိုင်းနိုင်တို့ ပါဝင်ကြသည်။

ယခုပြိုင်ပွဲကို နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ကစားသမား ၂၃၀ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲတွင် ကမ္ဘာ့မြားပစ်ထိပ်တန်းအသင်းများဖြစ်သည့် ကိုရီးယား၊ တရုတ်၊ ဂျပန်၊ အီရန်တို့အပြင် အမေရိကန်၊ ပြင်သစ်စသည့် မြားပစ် ထိပ်သီးနိုင်ငံများလည်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။
**(မြန်မာ့အလင်း)**



**ဖေဖော်ဝါရီ ၂ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသွားသော ဘုရားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွန့်တို့က ရှင်းလင်းတင်ပြစဉ်။**
(မြို့နယ်ပြန်/ ဆက်)

## မြဝတီရုပ်မြင်သံကြား

၁၇-၂-၂၀၁၁ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၃၀ ၅။ ဓမ္မပူဇာတေး
၇း၃၅ ၆။ မျိုးချစ်တပ်မတော်
၇း၄၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ ဦးတည်ချက်(၁၂)ရပ်
၈း၁၃ ၁၃။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၄။ အပိတ်နှုတ်ဆက်စကား

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ နိုင်ငံတော်သီချင်း
၄း၁၀ ၃။ အဖွင့်သီချင်း
၄း၁၅ ၄။ မျိုးချစ်တပ်မတော်
၄း၂၀ ၅။ ဗွီစီဒီကျော်ကြားတေး
၄း၂၅ ၆။ မွေးမြူသုတ
၄း၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၈။ သတိနှင့်တိုးမည့်ပိုးဖလံများ
၄း၅၅ ၉။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ(ဇီဝဗေဒ)
၅း၂၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၄၀)
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် **ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ** (အပိုင်း-၄၈)
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၅၇)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဦးတည်ချက်(၁၂)ရပ်
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ အနုပညာရှင်၏ တစ်နေ့တာ
၂၃။ လျှပ်တစ်ပြက်
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘတစ်ပြန် ကျားတစ်ပြန်** (အပိုင်း-၁၁)
၂၆။ ဂီတရင်ခုန်သံ

# အမြို့မြို့အနယ်နယ် မှုခင်းသတင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၆

## အရက်မူးပြီး ယာဉ်မောင်းသူ တာချီလိတ်၌ ယာဉ်တိုက်မှုဖြစ်

အရက်သေစာသောက်စားမူးယစ်ပြီး ယာဉ်ကိုအရှိန်ပြင်းစွာ မဆင်မခြင်မောင်းနှင်ခဲ့မှုကြောင့် လူတစ်ဦးသေဆုံးခဲ့ရမှု တာချီလိတ်မြို့နယ်၌ ဖြစ်ပွားခဲ့သည်။

### အရှိန်မထိန်းနိုင်

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၈ ရက် ည ၇ နာရီကျော်ခန့်က တာချီလိတ်မြို့နယ် ပောင်လိတ်ကျေးရွာအုပ်စု လွန်းကျိုင်းရွာနေ ဦးအိုက်ထွန်း၏သား အိုက်မိုင် အသက် ၂၅နှစ်သည် သူငယ်ချင်းဖြစ်သူ အိုက်မွေ (ဘ) ဦးဆမ်ပီးနှင့်အတူ အရက်သေစာသောက်စားမူးယစ်ပြီး မယ်ယန်းကျေးရွာဘက်မှ တာချီလိတ်မြို့ဘက်သို့ ယာဉ်အမှတ် ၇ခ/.... Mark II အဖြူရောင်ယာဉ်ကို ကျိုင်းတုံ-တာချီလိတ် အဝေးပြေး လမ်းမကြီးအတိုင်း အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာခဲ့ရာ ဟွေခိုက်ကျေးရွာအနီးတွင် အရှိန်မထိန်းနိုင်ဘဲ ကိုခင်မောင်ဝင်း (ဘ)ဦးဘိုဖြူ အသက် ၃၁နှစ် မောင်းနှင်လာသော Honda Dream ၆ယ/....အပြာရောင် မော်တော်ဆိုင်ကယ်အားနောက်မှ အရှိန်ပြင်းစွာ ဝင်ရောက်တိုက်မိခဲ့မှုကြောင့် ဆိုင်ကယ်စီးသူမှာ ပေ ၄၀ခန့်အထိ လွင့်စဉ်သွားပြီး ကားမှာလည်း လမ်းယာဘက်ရှိ သစ်ပင်အား ထပ်မံတိုက်မိကာ လမ်းဘေးသို့ ထိုးကျသွားသည်။

ယာဉ်တိုက်မှုကြောင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူ ကိုခင်မောင်ဝင်းသည် ဒဏ်ရာပြင်းထန်စွာရရှိပြီး အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

အဆိုပါ မူးယစ်သေစာသောက်စားပြီး ယာဉ်ကိုမဆင်မခြင် အရှိန်ပြင်းစွာ မောင်းနှင်ခဲ့သူအား သက်ဆိုင်ရာက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(၀၁၆)**

## ဆိုင်ကယ်ချင်းကျော်တက် အရှိန်မထိန်းနိုင်ဘဲဝင်တိုက်

ပုသိမ်မြို့နယ်တွင် ဖေဖော်ဝါရီ ၁၄ ရက် ည ၇ နာရီခန့်က ရန်ကုန်-ပုသိမ်လမ်းမကြီး မိုင်တိုင် ၁၂/၀ရွာသစ်ကုန်းအနီး၌ ပုသိမ်မြို့မှ ပြန်လာသော ၁၆ယ/....ဆိုင်ကယ်မောင်းသူ ဒါးကမြို့နေ သိန်းတန် ၃၈ နှစ် (ဘ) ဦးထွန်းရီက ကန်ကြီးထောင့်မြို့နေ ကောင်းထက်စံ ၂၃ နှစ် (ဘ) ဦးစံမင်း မောင်းနှင်လာသော ဆိုင်ကယ်ကိုကျော်တက်လိုက်ရာက အရှိန်မထိန်းနိုင်ဘဲဝင်တိုက်မိသဖြင့် ကောင်းထက်စံမှာ ပြင်းထန်စွာဒဏ်ရာရရှိသွားကြောင်း သိရှိရသည်။ ဆိုင်ကယ်မောင်းသူများအား သက်ဆိုင်ရာက အရေးယူထားကြောင်း သိရှိရသည်။ **(၀၇၇)**

## တားမြစ်ဇရိယာအတွင်း ငါးဖမ်းသူ အရေးယူခံရ

ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ပင်လယ်လိပ်မျိုးထိန်းသိမ်းရေး သုတေသနနှင့် ပညာပေးရေးစခန်းပိုင်နယ်မြေဖြစ်သော ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကဒုံကနီ ငါးမန်းသောင် လိပ်ကျွန်း ငါးမဖမ်းရဇရိယာတွင် ပင်လယ်လိပ်များကို ဖမ်းဆီးရမိနိုင်သော တားမြစ်ငါးများစကြာငါးဖမ်းကိရိယာကို အသုံးပြု၍ ငါးများကို လိုင်စင်မဲ့ဖမ်းဆီးနေသူ အမာမြို့ ဆိပ်မကျေးရွာနေ ဦးတင်ငွေပါ သုံးဦးတို့အား ဇန်နဝါရီ ၁၇ ရက် နံနက် ၅ နာရီခွဲတွင် ငါးဖမ်းဆီးနေစဉ် ဖမ်းဆီးမိသဖြင့် သက်သေခံ ပစ္စည်းများနှင့်တကွ အမာမြို့ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(၁၃၈)**

## မဆင်မခြင်ယာဉ်မောင်းကြောင့် ယာဉ်တိမ်းမှောက်

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အနောက်ပိုင်း တက္ကသိုလ်အနီး လမ်းမကြီးပေါ်၌ ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီက ယာဉ်မောင်း ဦးတင်စိုး မောင်းနှင်လာသော ၈/.... ဟိုင်းလတ်ကားသည် ထော်လာဂျီအား ကျော်တက်ရာ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောမှ မောင်းနှင်လာသော ၂ဂ/.... စူပါရှဖင်ကောက်ကို တိုက်မိကာ တိမ်းမှောက်သွားပြီး **(အောက်ပုံ)**ဟိုင်းလတ်ကားယာဉ်မောင်း ဦးတင်စိုး၏ ဦးခေါင်းတွင် ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည်။ အဆိုပါ ဟိုင်းလတ်ယာဉ်ပေါ်တွင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ဦးသန်းလွင် နှစ်ဦးတည်းသာပါရှိပြီး ၎င်းကဲ့သို့ မဆင်မခြင် မောင်းနှင်သော ယာဉ်မောင်းအား သက်ဆိုင်ရာက အရေးယူထားကြောင်း သိရှိရသည်။ **(၁၈၃)**

17-2 (11).pmd 1 2/17/2011, 1:54 AM

## လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးသင်တန်း တွံတေးမြို့နယ်၌ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၂၀၁၁ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းသင်တန်းမြို့နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက တွံတေးမြို့နယ် မြေစာရင်းဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန ဒုတိယတိုင်း ဦးစီးမှူး ဦးအောင်သန်းလွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်ဇော်ဟန် (အပေါ်ပုံ) တို့က အလုပ်ရုံဆွေးနွေးပွဲ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ဆွေးနွေးခဲ့သည်။

**တက်ရောက်**

အဆိုပါ သင်တန်းသို့ တွံတေးမြို့နယ်နှင့်ဒလမြို့နယ် မြေစာရင်းဦးစီးဌာနများမှ သင်တန်းသား ၄၆ ဦး တက်ရောက်၍ သင်တန်း ကာလမှာ ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

## ပြည်ထောင်စုနေ့အခမ်းအနား ဟိုပန်၌ ကျင်းပ

ဟိုပန် ဖေဖော်ဝါရီ ၁၅

ဟိုပန်မြို့တွင် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက အခြေခံပညာအထက်တန်းကျောင်းဝင်းရှိ စင်မြင့်၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန်က ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ဆုရသူများအား တာဝန်ရှိသူတို့က ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

## ကျေးရွာချင်းဆက်မြေသားလမ်းပြုပြင်

မတ္တရာ ဖေဖော်ဝါရီ ၁၅

မတ္တရာမြို့နယ် သဖန်းကိုင်းကျေးရွာအုပ်စု မြောင်းသစ်ကျေးရွာ၌ သဖန်းကိုင်း- မြောင်းသစ်- ရှားစေးချက်- လက်ဝဲကြီးကျေးရွာချင်းဆက် မြေသားလမ်း ထပ်မံပြုပြင်ခြင်းလုပ်ငန်းကို လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်မိုး၊ အဖွဲ့ဝင် ဦးတင်အေးနှင့် သဖန်းကိုင်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးငွေမောင်တို့က ကြီးကြပ်၍ ဇန်နဝါရီ ၃ ရက်မှ စတင်ပြီး ၄င်း ကျေးရွာချင်းဆက်လမ်းကို ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

**ပြုပြင်ဆောင်ရွက်**

အဆိုပါ ကျေးရွာချင်းဆက်လမ်းမှာ ခုနစ်မိုင်ရှည်ပြီး မန္တလေးမြို့၊ မတ္တရာမြို့နှင့် ကျေးရွာဒေသခံပြည်သူတို့ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၁၅၀နှင့် ကျေးရွာ ဒေသခံပြည်သူတို့၏ လုပ်အားဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ဝ၄ဝ)

## မြို့နယ်သတင်း ထွေတလာ

## ဘိုးရာဇာစာကြည့်တိုက် ဖွင့်ပွဲ လှည်းကူးမြို့နယ် ဘိုးရင်ကလေးကျေးရွာ၌ ကျင်းပ

လှည်းကူး ဖေဖော်ဝါရီ ၁၅

လှည်းကူးမြို့နယ် ဘိုးရင်ကလေးကျေးရွာ ဘိုးရာဇာစာကြည့်တိုက် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ဒေသခံတပ်နယ်မှ ဗိုလ်မှူးခင်မောင်ဖြူ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အေမီဇော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)

အဆိုပါ အခမ်းအနားတွင်စာကြည့်တိုက်အတွက် ငမိုးရိပ် မြစ်ရေတင်စီမံကိန်းက ငွေကျပ် ငါးသောင်းကို ပေးအပ်လှူဒါန်းပြီး ဗိုလ်မှူး ခင်မောင်ဖြူ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးတို့က စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးစိုးလွင်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေပြည်သာမြို့နယ် အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရရှိခဲ့သော မောင်ဇေယျလင်းအား ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

## TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ (၂)၊ အမှတ် (၂၀) ကို ဖေဖော်ဝါရီ ၁၅ ရက် (အင်္ဂါနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်း၌ ထူးခြားသည့် အစီအစဉ်တစ်ခုအဖြစ် (၈၃) ကြိမ်မြောက် အော်စကာဆုပေးပွဲကြီးအား တိုက်ရိုက် ထုတ်လွှင့်ပြသမည့် အစီအစဉ်နှင့် အခြားစိတ်ဝင်စားဖွယ် ရုပ်ရှင်ဇာတ်ကားကောင်းများ၊ ကလေးများအကြိုက် Cartoon Network ရုပ်သံလိုင်း၊ Channel V ရုပ်သံလိုင်းတွင် 53rd Grammy Awards ဆုပေးပွဲကျင်းပခဲ့ပုံများအား ကြည့်ရမည့်အစီအစဉ်၊ TLC ရုပ်သံလိုင်းတွင် အံ့သြဖွယ် အစားအသောက်ယှဉ်ပြိုင်စားသောက်မှုများအားကြည့်ရမည့် Man Vs Food: Greatest Moments အစီအစဉ်နှင့် မလေးရှားနိုင်ငံ၏ အလှအပများကို ကြည့်ရမည့် Passage to Malaysia အစီအစဉ်များအပါအဝင် အခြားစိတ်ဝင်စားဖွယ် အစီအစဉ်ကောင်းများ၊ Animal Planet ရုပ်သံလိုင်းတွင် ရှားပါးပင့်ကူများအကြောင်း ပြသမည့် Spidermania အစီအစဉ်နှင့် ရှားပါးသည့် ရုပ်သံမှတ်တမ်းများကို ကြည့်ရမည့် Up Close And Dangerous အစီအစဉ်၊ Nat Geo Wild ရုပ်သံလိုင်းတွင် Strike Force:Venom Quest, My Life Is A Zoo, Revenge of The Elephants?,Saved From The Spill, Predator CSI, Wild Night စသည့် အစီအစဉ်ကောင်းများ၊ ESPN နှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် ဘောလုံးပွဲ ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ MRTV-4 ၏ ဆက်စပ်ရုပ်သံလိုင်းများဖြစ်သည့် For Info, For Sports, For Edu, For Choice စသည့် Digital Channel များ၏ Grid များနှင့် ပြသနေသည့်အစီအစဉ်များ၊ ရုပ်သံလိုင်းအားလုံး၏ ၁၅ ရက်စာအစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ၁၅ ရက်စာ အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၁-၇၃၀-၆၀၃၁၅မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀နှင့် ၃၉၁၁၈၆တို့ထံသို့ မှာယူနိုင်သည်ဟု သိရှိရသည်။

(သတင်းစဉ်)

## ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်



သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆေးရုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁ ရက်က ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်စန်းဦးတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

လွယ်ဂျယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် မြို့ဝင်ဆိုင်းဘုတ်မြေယာရှုခင်းအဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နေမှုကို ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ်နှင့်အဖွဲ့ ဇန်နဝါရီ ၁၃ ရက်တွင် စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမိုင်းရင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ အမှိုက်သိမ်းယာဉ်ဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်း အမှိုက်သိမ်းဆည်းနေမှုကို ဖေဖော်ဝါရီ ၁၀ ရက်က ခေတ္တဒုတိယဦးစီးမှူး ဦးကျော်နန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆင်ဖြူကျွန်းမြို့ ရွှေတောင်ကျောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၅ ရက်က အငယ်တန်းအင်ဂျင်နီယာ (၂) ဦးသိန်းထွန်းဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင် လီဒိုလမ်းမကြီး ဝဲ/ယာရှိ ကိုင်းမြက်နှင့် ချုံနွယ်များအား စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၇ ရက်တွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

## လှူရောင်းမည်

ပေ(၈၀x၆၀)၊ ၁၅၇ကားဂိတ်
ဆေးဝါးတက္ကသိုလ်
ဝန်ထမ်းအိမ်ရာရှေ့၊
ဝေဘာဂီ၊ မ/ဥက္ကလာ၊
လေထိုးကျွတ်ဖာစက်၊
**ဖုန်း-၀၁-၇၀၇၀၆၆။**

## ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊လမ်းသစ်လမ်း အိမ်ရာစီမံကိန်းရှိ တိုက်အမှတ် (၁၀၁-B)၊ အခန်းအမှတ်၃၀၄အား မူလအမည်ပေါက်ဦးသန်းနိုင်၁၄/မဖန(နိုင်)၅၁၇၈၄၆ ထံမှ ဝယ်ယူထားသူ ဒေါ်တင်ထားထား၊ ဒေါ်ဆုမွန်နိုင်တို့က မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တိုက်ခန်းအမည်ပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထားများတင်ပြလျက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၅၊ မြေကွက်အမှတ်၁၂၆၁၊ မြေကွက်တည်နေရာအမှတ်၁၂၆၁၊ ဘုရင့်နောင်လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးခင်မောင်ဝင်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်ဝင်း ၁၂/လကန(နိုင်) ၀၉၂၂၈၉က ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ။**



## ယာဉ်မှတ်ပုံတင် လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၃၇၆၇၇ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအောင် ၉/ပသက (နိုင်) ၀၁၄၀၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (ခရိုင်ရုံး)၊ မြင်းခြံ။**

## အမည်ပြောင်း

မြိတ်မြို့ မြို့သစ်ဒိုင်လမ်းထိပ်နေ ဦးဇော်ထိုက်၏သား မောင်ရန်နိုင်ဦးအား မောင်မင်းထက်ကိုကိုဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းထက်ကိုကို။**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

# အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင်တရားရုံး၌

၂၀၁၁ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၇

ကွယ်လွန်သူဦးအောင်မြင့်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်ခင်လှဝေ **လျှောက်သူ**

အမှတ်၁၂၃၄၊ မင်္ဂလာသုခ ၃ လမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်ခင်လှဝေက ကွယ်လွန်သူ ဦးအောင်မြင့်၏တရားဝင်ဇနီးဖြစ်သည်ဟူ၍ အထက်ပါနေရပ်နေ ၎င်းကွယ်လွန်သူဦးအောင်မြင့်မှာကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူဦးအောင်မြင့်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၁ခုနှစ် မတ် ၁ ရက်(၁၃၇၂ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်ခင်လှဝေ၏လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဦးအောင်သိန်း(တ/၂၂၅၀)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပခ/၆၈၇၉၄ ယာဉ်လက်ဝယ်ရှိသူ ဦးမောင်သန်း ၇/ထတပ(နိုင်) ၀၃၉၅၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ တောင်ငူ။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၁-၂၀၁၁ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ ၁၈တွင် ငြင်းချက်ထုတ်ရန်သမ္မန်စာ၌ (၅) တရားပြိုင် ဒေါ်ညိုအေး၊ ဒေါ်လှရီဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင် လျှောက်ထားခြင်း

ယာဉ်အမှတ် ပသ/၈၆၈၇၁ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ငွေ ၁၂/စခန(နိုင်)၀၂၃၆၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး၊**
**ပုသိမ်။**

## ယာဉ်မှတ်ပုံတင် လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၂၃၄၅ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုမြတ်မွန် ၇/ပခန(နိုင်) ၀၀၄၄၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေး။**

## ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၂)၊ အခန်း(၃၀၄)၏ မူလအမည်ပေါက် ဒေါ်သန်းသန်းစိုး ၁၂/ကမတ(နိုင်) ၀၅၃၆၁၇ထံမှ ဒေါ်အေးအေးရီ ၁၂/အလန(နိုင်) ၀၀၂၇၂၈က အပြီးအပိုင်ဝယ်ယူပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တိုက်ခန်းအမည်ပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထားတင်ပြလျက် ၁၄ ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။

**ထန်းတပင်မြို့နယ် ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၇ ရက်က ထန်းတပင် အထက လှိုင်ရတနာ ခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်က အတွင်းရေကျော် အလကမှ စတုတ္ထတန်းကျောင်းသား စောဒရောန်းအား အင်္ဂလိပ်ဘာသာထူးချွန် ပထမဆု ချီးမြှင့်စဉ်။** (ပညာရေး)

**ဦးအုန်းမောင်- ဒေါ်စိုးစိုးတို့အား အမှူးထား၍ မဥ္ဇူလမ်းသွယ်(၃) ပါရမီ ရန်ကင်းမြို့နယ် ရန်ကုန်မြို့နေ ဒေါက်တာဇရှိန်း-ဒေါက်တာ ဝင်းဝင်းမာ၊ သမီး မငွေစင်ရှိန်း မိသားစုတို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်လျက်ရှိသော သံဃာဆေးကုသဆောင်သစ်ကြီး၏ အခန်းတစ်ခန်းအတွက်ငွေကျပ်၂၄သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။** (သတင်းစဉ်)

# မိတ်ဆွေစစ်စာကြည့်တိုက် နမ့်ခမ်း၌ဖွင့်

**နမ့်ခမ်း ဖေဖော်ဝါရီ ၁၅**

နမ့်ခမ်းမြို့နယ် မိုင်းဝီးကျေးရွာ၌ မိတ်ဆွေစစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၁ နာရီက ကျင်းပရာ ရေးဦးစွာ အဆောက်အအုံသစ်ကို မူဆယ်ခရိုင် အတွင်းရေးမှူး ဦးခင်မောင်ဦး၊ မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးဆန်းဝင်း၊ နမ့်ခမ်းမြို့နယ် ဥက္ကဋ္ဌ ဦးကောင်းညွန့်နှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးယီလှိုင်းခမ်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စာကြည့်တိုက်သို့ မူဆယ်ခရိုင် ဥက္ကဋ္ဌ ဦးမိုးဟိန်း မိသားစုက ငွေကျပ် နှစ်သိန်းလေးသောင်းတန်ဖိုးရှိ စာအုပ်မျိုးစုံ အုပ်ရေ ၆၀၀၊ ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးသန်းငွေက ဂျာနယ်မျိုးစုံ စောင်ရေ ၅၀၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းက စာအုပ်စာစောင် ၁၅၀၊ နမ့်ခမ်းမြို့နယ် ဥက္ကဋ္ဌ ဦးကောင်းညွန့် မိသားစု၊ ဒုတိယရဲအုပ် အောင်သင်းဦး၊ Save the Children အဖွဲ့တို့က ငွေကျပ် ခြောက်သောင်း ငါးထောင်တန်ဖိုးရှိ စာအုပ်တင် စင်လေးခု၊ မြို့နယ်စည်ပင်သာယာ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်း၊ ဦးကျော်ကျော်စိုး (အကောက်ခွန်)၊ ဦးသန်းအောင် (နည်းစနစ်မှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန)တို့က စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# သဝဏ်လွှာဖတ်ကြား

**(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ဝါးခယ်မမြို့ လွတ်လပ်ရေး ကျောက်တိုင်ကွင်း၌ ကျင်းပရာ ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးစိုးထွန်း ဖတ်ကြားစဉ်။**

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီးခေါင်းဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့မွန်းတည့် ၁၂ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Zhong Shan ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာ၌ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Zhong Shan ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Li Junhua လည်း တက်ရောက်သည်။ **(သတင်းစဉ်)**